ရောင်းမှို

The Mirror

Established in 1957

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (18-3-2016) (စာ၁၀၉)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်တော်ကြီးရေလှောင်တမံ ကြည့်ရှုစစ်ဆေး

အယ်နီညိုအကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ကြိုတင်တွက်ဆပြီး ဆည်ရေပေးဝေမှုလုပ်ငန်းကို စီမံဆောင်ရွက်ထားရန်မှာကြား

နေပြည်တော် မတ် ၁၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဆည်ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆည်တော်ကြီး ရေလှောင်တမံနှင့် ရေပိုလွှဲဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဒေသတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၆၄ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်ခြင်း၊ မန္တလေးမြို့ သောက်သုံးရေ ဖူလုံစေခြင်းနှင့် ဆည်တော်ကြီးရေလှောင်တမံ ရေကူးအားဖြည့်ပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိစေမည့် အထက်ဆည်တော်ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အယ်နီညိုအကျိုးသက်ရောက်နိုင်မှု အခြေအနေများကို ကြိုတင်တွက်ဆပြီး ဆည်ရေပေးဝေမှုလုပ်ငန်းကို စီမံဆောင်ရွက်ထားရန်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်တော်ကြီးရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန ၂၁ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန် လွှတ်တော်သို့ တင်ပြ

စာမျက်နှာ - ၃

ထူးခြားသည့် နေ့အပူချိန်

(၁၇-၃-၂၀၁၆)

ချောက် ၄၂ ဒီဂရီစင်တီဂရိတ်

မကွေး ၄၂ ဒီဂရီစင်တီဂရိတ်

ကြေးမုံ ၁၈-၃-၂၀၁၆၊ သောကြာနေ့

ခွင့်တူညီမျှ ဝါဒဖြူစင်သည့်မြေ

"ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး"

နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စစ်ကိုင်းမြို့ ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား မတ်လ ၁၆ ရက်နေ့က တွေ့ဆုံပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် အလေးထားဦးစားပေး ဆွေးနွေးပြောကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးက "အခွင့်အရေး ညီတူညီမျှဖြစ်ရမည်ဖြစ်ပြီး ဝါဒရေးရာကွဲပြားမှုမရှိခြင်းသည် မိမိတို့ ဘိုးဘွားများ မျှော်မှန်းခဲ့သည့် ဖက်ဒရယ်စနစ်ဖြစ်ပါကြောင်း" တိုင်းရင်းသားပြည်သူအပေါင်းတို့အား ရှင်းလင်းအသိပေး ပြောကြားခဲ့သည်။ ထို့အပြင် "တစ်ခုတည်းသော တပ်မတော်ဖြစ်ခြင်း၊ အားနည်းသည့်ဒေသများကို အားကောင်းသည့် ဒေသများက ခွဲဝေမျှဝေပြီး အတူတူခံစားခြင်းနှင့် ဖွံ့ဖြိုးမှုတန်းတူဖြစ်ရမည်ဖြစ်သကဲ့သို့ အကြားအလပ်မရှိ သွေးစည်းမှုရှိနေရမည်ဖြစ်ပါကြောင်း" ကိုလည်း တစ်ဆက်တည်းပြောကြားသွားခဲ့သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံကဲ့သို့ ပြည်ထောင်စုနိုင်ငံများရှိကြပါသည်။ ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံအချို့ ညီညွတ်ရေးပြိုကွဲချိန်တွင် အစိတ်စိတ်အမြွှာမြွှာပျက်စီးခဲ့ရသည့် ဖြစ်စဉ်များကိုလည်း ပြည်ထောင်စုနိုင်ငံသားအားလုံး မြင်တွေ့ကြားသိနေရပြီးဖြစ်သည်။ နိုင်ငံရေးအယူဝါဒများ၊ အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာအကျိုးစီးပွားများကြောင့် အခိုင်အမာတည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံကြီးများ သူတစ်လူ ငါတစ်မင်း အချင်းချင်းစစ်ခင်းခဲ့ကြသည့် ဖြစ်စဉ်များကိုလည်း သိရှိကြပြီးဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံအချို့ ပြိုကွဲခဲ့ရသည့်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုကြီးမပြိုကွဲအောင် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံကိုတည်ဆောက်ထားရသည်ကိုလည်း ပြည်ထောင်စုတိုင်းရင်းသားများ အသိပင်ဖြစ်သည်။ ဤအချိန်ကာလတွင် မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်ပါဝင်သည့် "ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ" ဖြစ်စေရေးအတွက် ပြည်ထောင်စုကြီးနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဖက်ဒရယ်စနစ်ကို ရွေးချယ်နိုင်ရန် လွန်စွာအရေးကြီးကြောင်း နိုင်ငံတော်သမ္မတကြီးက အမြော်အမြင်ကြီးမားစွာဖြင့် အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့မျှော်မှန်းထားသည့် ပြည်ထောင်စု၊ ကျွန်ုပ်တို့ရည်ရွယ်ထားသည့် ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်နယ်များနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံတော်ကို ယခုကဲ့သို့ ဖွဲ့စည်းတည်ဆောက်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျွန်ုပ်တို့ ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်တည်ဆောက်သွားကြရမည်ဖြစ်သည်။

ဤနေရာတွင် ကွန်ဖက်ဒရေးရှင်းနှင့် ဖက်ဒရယ်တို့မှာ သဘောသဘာဝအားဖြင့် ကွဲပြားခြားနားသည်ကို တိုင်းရင်းသားပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြရန် လိုအပ်ပေသည်။ ကွန်ဖက်ဒရေးရှင်းနိုင်ငံများသည် ပြိုကွဲလွယ်သည့်ဖွဲ့စည်းတည်ဆောက်မှုနှင့် အကျိုးစီးပွားပဋိပက္ခများကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် မလွယ်ကူချေ။ ကမ္ဘာပေါ်ရှိ ပြိုကွဲသွားသော ပြည်ထောင်စုနိုင်ငံများအား လေ့လာကြည့်မည်ဆိုပါက ကွန်ဖက်ဒရေးရှင်းပုံစံ နိုင်ငံများအဖြစ်စုစည်းထားသည့် ပေါင်းစည်းမှုမျိုးဖြစ်နေသည်ကို သတိထားမိကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့မျှော်မှန်းထားသည့် ဖက်ဒရယ်ဆိုသည်မှာ တိုင်းရင်းသားလူမျိုးတစ်မျိုးသည် ၎င်း၏ပြည်နယ်အတွင်း၌သာမက ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် သက်ဆိုင်သည်။ ပြည်ထောင်စုသားဆိုသည်မှာလည်း ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် တစ်အူထို့ဆင်းသွေးသားအရင်းအချာ ပဋိညာဉ်နှင့်စုစည်းနေထိုင်ကြသည့် သဘောသဘာဝမျိုးဖြစ်သည်။ အခန့်မသင့်လျှင် ပြိုပျက်လွယ်သည့် ကွန်ဖက်ဒရေးရှင်းစနစ်မျိုး မဟုတ်ချေ။

ပြည်ထောင်စုကြီး၏ မည်သည့်အရပ်တွင်နေထိုင်သည်ဖြစ်စေ ဥမက္ခဲသိုက်မပျက် နေထိုင်သွားလိုသည့်စိတ်ဓာတ်ကို ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့ ပြည်ထောင်စုကြီးကို စည်းနှောင်ထားသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကမ္ဘာတည်သရွှေ့ဝိုင်းဝန်းတည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ ။

Junior Sports Academy သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၇

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးပြည့်ဝသည့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ Junior Sports Academy သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ တည်ဆောက်ပြီး အားကစားတက္ကသိုလ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲ ညွှန်ကြားရေးမှူးက Junior Sports Academy သင်တန်းအား သင်တန်းကာလ သုံးနှစ်သတ်မှတ်ထားပါကြောင်း၊ ပထမနှစ် ၂၀၁၆ ပညာသင်နှစ်တွင် မတ် ၁၆ မှ ဇူလိုင် ၁၆ ရက်အထိ ပထမလေးလဋ္ဌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ခုနစ်မျိုး၊ ဇူလိုင် ၁၈ မှ ဒီဇင်ဘာ ၂ ရက်အထိ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်းကိုးမျိုး နှစ်ပိုင်းခွဲ၍ စာတွေ့ ၆၀ ရာခိုင်နှုန်း၊ လက်တွေ့ ၄၀ ရာခိုင်နှုန်း သင်ကြားပို့ချ၍ လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဒုတိယစာသင်နှစ် ပထမ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့်အားကစားနည်းကိုးမျိုး၊ ဒုတိယလေးလတွင်မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ခုနစ်မျိုးကို စာတွေ့ ၅၀ ရာခိုင်နှုန်း၊ လက်တွေ့ ၅၀ ရာခိုင်နှုန်း သင်ကြားပို့ချ၍ လည်းကောင်း၊ ၂၀၁၈ ခုနှစ် တတိယစာသင်နှစ်၌ ပထမ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ခုနစ်မျိုးကိုလည်းကောင်း၊ ဒုတိယ လေးလတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အားကစားနည်း ကိုးမျိုးအား စာတွေ့ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့ ၆၀ ရာခိုင်နှုန်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အားကစားဝန်ကြီးဌာနယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) ညွှန်ကြားရေးမှူးက သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများမှာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းလေးကျောင်းမှ အားကစားထူးချွန်သော ပညာသင်ဆဲ (B) အဆင့်သတ်မှတ်ထားသည့် လူငယ်လက်ရွေးစင် အခြေခံပညာအထက်တန်းအဆင့်ရှိ ၆၃ ဦးနှင့် အားကစားဝန်ကြီးဌာနမှ နည်းပြနည်းစနစ်မှူး ၃၇ ဦး စုစုပေါင်း ၁၀၀ တို့ဖြစ်ပြီး အားကစားနည်း ၁၈ မျိုးအား စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက အားကစား ထူးချွန်သူများအား နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေပြီး အားကစားမှူးများ၊ နည်းပြနည်းစနစ်မှူးများအဖြစ် အရည်အချင်းအလိုက် ပြန်လည်ခန့်အပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာအားကစားကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းစေရေးအတွက် ရေရှည်စီမံချက်များပြု၍ အားကစားတက္ကသိုလ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်တွင် ရန်ကုန်နှင့် မန္တလေးမှ ပညာသင်ကြားလျက်ရှိသော B.Sc(Sports) ကျောင်းသားကျောင်းသူများ၊ အားကစားထူးချွန်သော လူငယ်များအနေဖြင့် Junior Sports Academy သင်တန်းများတွင် ဝင်ရောက် ပညာသင်ကြားနိုင်မည်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတကာ အားကစားလောကနှင့် ရင်ပေါင်တန်းပြီး အားကစားနည်းစနစ်များကို စာတွေ့သင်ကြားနိုင်ကာ လက်တွေ့ လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာအားကစားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၇

ရန်ကုန်(ရွှေဈေး)	၈၀၀၀၀၀	-	၈၀၀၀၀၀
မန္တလေး(ရွှေဈေး)	၈၀၀၀၀၀	-	၈၀၀၀၀၀

စက်သုံးဆီဈေးနှုန်း	**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ် တစ်လီတာ	၄၆၀/၄၈၀ ကျပ်၊	၅၀၀/၅၃၀ ကျပ်
(ခ) အောက်တိန်း 95တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၀၀/၇၄၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ	၅၂၀/၅၃၀ ကျပ်၊	၅၈၀/၆၁၀ ကျပ်
(ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ	၅၀၀/၅၂၀ ကျပ်၊	၅၅၀/၅၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၁၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၂၁၈. ၀
(ခ) ဥရောပ	တစ်ယူရို	-	၁၃၆၅. ၄
(ဂ) တရုတ်	တစ်ယွမ်	-	၁၈၆. ၇၅
(ဃ) ထိုင်း	တစ်ဘတ်	-	၃၄. ၈၉၀
(င) မလေးရှား	တစ်ရင်းဂစ်	-	၂၉၈. ၃၅
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၈. ၁၃၂
(ဆ) ဂျပန်	တစ်ရာယန်း	-	၁၀၇၈. ၇
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	-	၁၀၃. ၅၁
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	-	၉၂၂. ၇၆
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၈၉၁. ၃၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပညာရေးဘွဲ့ စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

နေပြည်တော် မတ် ၁၇

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းသားများ ကိုယ်တိုင်တက်ရောက်ရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အမှတ်စဉ်(၃၄) ပထမနှစ် သင်တန်းနှင့် အမှတ်စဉ်(၃၃) ဒုတိယနှစ် သင်တန်းများကို ဧပြီ ၂၇ ရက်မှ မေ ၁၇ ရက်အထိ အနီးကပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၂၀ ရက်မှ မေ ၂၆ ရက်အထိ ကျင်းပမည် ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၆ ရက် (အင်္ဂါနေ့)နောက်ဆုံး ထားသတင်း ပို့ရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

တိုက်ကြီးမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်လှစ်

ရန်ကုန် မတ် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တိုက်ကြီးမြို့နယ်တရားရုံးသစ်ဆိုင်းဘုတ်နှင့် ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ ဧည့်သည်တော်များက မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုက်ကြီးမြို့နယ် တရားရုံးအဆောက်အအုံသစ်ကို တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းနှင့် သူရလမ်းထောင့် မင်္ဂလာရပ်ကွက်ရှိ အလျား ပေ ၂၀၀× အနံ ပေ ၁၂၀ မြေကွက်ပေါ်တွင် ပေ ၁၂၀× ပေ ၆၀× ၁၂ ပေ အကျယ်အဝန်း တစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံအဖြစ် ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **ကိုလတ်(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
စာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ဖြည်တွင်းရေးရာ

❒ ရှေ့ဖုံးမှ

အထက်ဆည်တော်ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည်ဖြင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေလှောင်တမံရှုရပ်မှ ဆည်အတွင်းရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ တမံပေါ်မှ ရေပိုလွှဲနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို လည်းကောင်း ကြည့်ရှုသည်။

ဆည်တော်ကြီးရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ချောင်းမကြီးအတွင်းသို့ စီးဝင်သည့်ရေများကို သိုလှောင်ထိန်းသိမ်းပြီး မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် မန္တလေးဒေသတစ်ဝိုက်ရှိ ဆည်ရေသောက်ဧရိယာ ဧက ၁၂၇၀၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရန်၊ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၃၄ သန်းခန့် ထုတ်လွှတ်နိုင်ရန်၊ မန္တလေးမြို့သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရန်၊ ဒေသတွင်း စိမ်းလန်းစိုပြည်ပြီး ရာသီဥတုကောင်းမွန် မျှတလာစေရန်နှင့် ရာသီမရွေး စိုက်ပျိုးရေအလုံအလောက် ပေးဝေနိုင်ရန်ရည်ရွယ်ချက်များဖြင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်တော်ကြီးရေလှောင်တမံတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ဆည်တော်ကြီးရေလှောင်တမံ ရေပိုလွှဲကိုတွေ့ရစဉ်။ (သတင်းစဉ်)

> “ဆည်တော်ကြီး ရေလှောင်တမံအမျိုးအစားမှာ မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့် တမံဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၆၃၀၀၀ အနက် လက်ရှိတွင် ဧကပေ ၃၃၄၂၈၀ သိုလှောင်ထားရှိသည်။ ယင်းဆည်မှ စိုက်ပျိုးမြေဧက ၉၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ၁၂ ဒသမ ၅ မဂ္ဂါဝပ် (၂)လုံးတပ်ဆင်ကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ။”

အားများ အကောင်အထည်ဖော်ရေး အဖွဲ့၏အစည်းအဝေးခွင့်ပြုချက်အရ ၂၀၀၆ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများကို စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ဘဏ္ဍာငွေကြေးကန့်သတ်ချက်အရ ၂၀၀၉ ခုနှစ်တွင် ခေတ္တရပ်နားထားခဲ့သည်။

အထက်ဆည်တော်ကြီး ရေလှောင်တမံကို ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်း ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေနိုင်မည့်အပြင် နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ၆၄ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်ခြင်း၊ မန္တလေးမြို့သောက်သုံးရေဖူလုံစေခြင်း၊ ဆည်တော်ကြီးရေလှောင်တမံ ရေကူအားဖြည့်ပေးနိုင်ခြင်းနှင့် ဒေသတွင်းစိမ်းလန်းစိုပြည်စေခြင်းစသည့် နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဆည်တော်ကြီးရေလှောင်တမံမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ထိုမှ တစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

၁၉၈၇ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံအမျိုးအစားမှာ မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်တမံဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၆၃၀၀၀ အနက် လက်ရှိတွင် ဧကပေ ၃၃၄၂၈၀ သိုလှောင်ထားရှိသည်။ ယင်းဆည်မှ စိုက်ပျိုးမြေဧက ၉၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ၁၂ ဒသမ ၅ မဂ္ဂါဝပ် (၂)လုံးတပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆည်တော်ကြီးရေလှောင်တမံတွင် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ သိုလှောင်နိုင်သဖြင့် ပိုလျှံစီးဝင်သောရေများကို ထပ်မံထိန်းသိမ်းသိုလှောင်နိုင်ရန်၊ ရေအားလျှပ်စစ် ပိုမိုထုတ်လွှတ်နိုင်ရန်နှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အထက်ဆည်တော်ကြီး ရေလှောင်တမံစီမံကိန်းကို လက်ရှိဆည်တော်ကြီး ရေလှောင်တမံ၏ အထက်ဘက် ၃၃ မိုင်အကွာတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သည့် အထူးစီမံကိန်း

တိုင်းမ်မဂ္ဂဇင်းက အင်တာနက်တွင်လွှမ်းမိုးမှုအရှိဆုံးလူအဖြစ် အိန္ဒိယဝန်ကြီးချုပ် မိုဒီကို ရွေးချယ်

နယူးဒေလီ မတ် ၁၇

ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းက အိန္ဒိယဝန်ကြီးချုပ် နာရေန္ဒြာမိုဒီကို အင်တာနက်တွင် လွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် အဖြစ်ရွေးချယ်သတ်မှတ်လိုက်သည်။

အမေရိကန်တိုင်းမ်မဂ္ဂဇင်းက မိုဒီကို အင်တာနက်စတား (အင်တာနက်ကြယ်ပွင့်)အဖြစ် ဖော်ပြခဲ့ပြီး မိုဒီသည် တွစ်တာစာမျက်နှာတွင် ထောက်ခံသူ ၁၈ သန်းနှင့် ဖေ့စ်ဘွတ်ခ်တွင် ကြိုက်နှစ်သက်သူ ၃၂ သန်းရှိသည်ဟု ဖော်ပြထားသည်။ ထို့ပြင် မိုဒီသည် လူမှုမီဒီယာကို သံတမန်ရေးဆက်သွယ်မှုအတွက်လည်း မကြာခဏသုံးစွဲ လေ့ရှိသူဖြစ်ကြောင်းနှင့်ပတ်သက်၍ လွှန်ခဲ့သည့်နှစ်တွင် မိုဒီသည် ပါကစ္စတန်နိုင်ငံခရီးစဉ်ကို တွစ်တာစာမျက်နှာမှ တစ်ဆင့် ရုတ်တရက် ထုတ်ပြန်ကြေညာခဲ့သည်ကို ကိုးကား၍ အဆိုပါမဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

သို့သော် မိုဒီကို မလိုလားသူများက လူမှုမီဒီယာကို မကြာခဏသုံးစွဲခြင်းသည် သတင်းကျင့်ဝတ်နှင့် သံတမန်ရေးနည်းလမ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ လွန်ခဲ့သည့်နှစ်တွင် မိုဒီက ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှာရစ်ဖ်၏ (၆၆)နှစ်မြောက်မွေးနေ့အတွက် ဆုတောင်းပေးရန် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ သွားရောက်မည်ဟု တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

အဆိုပါမဂ္ဂဇင်းက ဖော်ပြခဲ့သည့် အင်တာနက်လွှမ်းမိုးမှုအရှိဆုံးလူများစာရင်းတွင် ဟယ်ရီပေါ်တာစာအုပ်များ ရေးသားခဲ့သည့် ဗြိတိသျှစာရေးဆရာမ ဂျေကေရိုးလင်းနှင့် အမေရိကန်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရန် ယှဉ်ပြိုင်နေသူ ဒေါ်နယ်ထရမ့်တို့လည်း ပါဝင်သည်။

ဆင်ဟွာ။

မြောက်ကိုရီးယားအား အရေးယူဒဏ်ခတ်မှု အမေရိကန်သမ္မတ အိုဘားမား ထုတ်ပြန်ကြေညာ

ဝါရှင်တန် မတ် ၁၇

မြောက်ကိုရီးယားနိုင်ငံအား အရေးယူဒဏ်ခတ်သည့်အစီအစဉ်သစ်ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မတ် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ ၆ ရက်က နျူကလီးယားစမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် ဒုံးကျည်ပစ်လွှတ်ခဲ့ခြင်းတို့ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်က အရေးယူဒဏ်ခတ်သည့်အစီအစဉ်သစ်ကို ထုတ်ပြန် ကြေညာခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်အရ အမေရိကန်ပြည်ထောင်စုအတွင်း မြောက်ကိုရီးယားအစိုးရနှင့်သက်ဆိုင်နေသော ဥစ္စာဓနမှန်သမျှကို ထိန်းချုပ်ထားရန်၊ အမေရိကန်မှ မြောက်ကိုရီးယားသို့ ကုန်ပစ္စည်းတင်ပို့မှုအရပ်ရပ်ကို တားမြစ်ပိတ်ပင်ရန် ပါဝင်သည်။

ဂင်းအပြင် မြောက်ကိုရီးယား၏စီးပွားရေးတွင် မည်သည့်ကဏ္ဍမှမဆို ပါဝင်ပတ်သက်နေသောမည်သူကိုမဆို ဂင်းအနေဖြင့် အမေရိကန်နိုင်ငံသား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမည်မည်းစာရင်းသွင်းရန် သမ္မတ အိုဘားမား၏ အမိန့်စာလွှာတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ပွဲထိန်းဒုံးကျည်ဆိုင်ရာ လှုပ်ရှားမှုမှန်သမျှကို အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံများက လက်သင့်ခံမည်မဟုတ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျို့အန်းနက်က ပြောကြားသည်။

ရိုက်တာ။

နိုင်ဂျီးရီးယားနိုင်ငံတွင် ဘာသာရေးအဆောက်အအုံကို အမျိုးသမီးနှစ်ဦးက အသေခံပုံးခွဲတိုက်ခိုက်

မိုင်ဒူဂူရီ မတ် ၁၇

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခုကို အမျိုးသမီးနှစ်ဦးက အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် ဝတ်ပြုဆုတောင်းနေသူ ၂၂ ဦး သေဆုံးကြောင်း နိုင်ဂျီးရီးယားစစ်ဘက်က မတ် ၁၆ ရက်တွင် ပြောကြားသည်။

အမျိုးသမီးတစ်ဦးက ဘာသာရေးအဆောက်အအုံအတွင်းကို ဝင်ရောက်ပုံးဖောက်ခွဲတိုက်ခိုက်ပြီး နောက်တစ်ဦးက အဆောက်အအုံအတွင်းမှ ထွက်လာသူများကို အပြင်ဘက်မှ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ဘီဘီစီ သတင်းဌာနသို့ ပြောကြားသည်။ ယင်းတိုက်ခိုက်မှုအတွင်း လူရှစ်ဦးခန့် ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ဂျီးရီးယားစစ်ဘက်က ဆက်လက်ပြောကြားသည်။

မိုင်ဒူဂူရီမြို့သည် အစ္စလာမ္မစ်အစွန်းရောက် ဘိုကိုဟာရမ်အဖွဲ့၏ ဇာတိမြေဖြစ်ပြီး ၂၀၀၉ ခုနှစ်ကတည်းက ယင်းအဖွဲ့၏ တိုက်ခိုက်မှုကြောင့် လူ ၂၀၀၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

ဘီဘီစီ။

ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံအဖြစ် ဒိန်းမတ်နိုင်ငံ သတ်မှတ်ခံရ

ရောမ မတ် ၁၇

ဆင်းရဲချမ်းသာမခွဲခြားဘဲ တန်းတူညီမျှမှု မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းထားသော မတ် ၁၆ ရက်ကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ရပ်အရ ဒိန်းမတ်နိုင်ငံက ဆွစ်ဇာလန်နိုင်ငံကို ကျော်လွန်၍ ကမ္ဘာ့အပျော်ရွှင်ဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

စဉ်ဆက်မပြတ်သောဖွံ့ဖြိုးတိုးတက်မှုကွန်ရက် (SDSN) နှင့် ကိုလံဘီယာတက္ကသိုလ် ကမ္ဘာမြေဆိုင်ရာ အင်စတီကျူတို့ ပြင်ဆင်ထားသည့်အဆိုပါအစီရင်ခံစာတွင် ဆီးရီးယား၊ အာဖဂန်နစ္စတန်နှင့် အာဖရိကဒေသခွဲ နိုင်ငံရှစ်နိုင်ငံတို့မှာ ကမ္ဘာပေါ်တွင် ပျော်ရွှင်စရာမကောင်းဆုံး ၁၀ နိုင်ငံဖြစ်သည်။ ယခုနှစ်အတွက် ကမ္ဘာ့ပျော်ရွှင်စရာ အကောင်းဆုံး ထိပ်တန်း ၁၀ နိုင်ငံမှာ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ နော်ဝေ၊ ဖင်လန်၊ ကနေဒါ၊ နယ်သာလန်၊ နယူးဇီလန်၊ ဩစတြေးလျှနှင့် ဆွီဒင်နိုင်ငံတို့ ဖြစ်သည်။ ဒိန်းမတ်နိုင်ငံမှာ ပြီးခဲ့သည့်နှစ်က ဆွစ်ဇာလန်နှင့် အိုက်စလန်နိုင်ငံတို့နောက် တတိယနေရာတွင်ဖြစ်သည်။ ပျော်ရွှင်မှုမရှိဆုံးနိုင်ငံများမှာ မဒါဂါစကာ၊ တန်ဇန်းနီးယား၊ လိုက်ဘေးရီးယား၊ ဂီနီ၊ ရဝမ်ဒါ၊ ဘီနင်၊ အာဖဂန်နစ္စတန်၊ တိုဂို၊ ဆီးရီးယားနှင့် ဘူရွန်ဒီနိုင်ငံ တို့ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့အပျော်ရွှင်ဆုံးစာရင်းတွင် အဆင့် ၁၃ နေရာတွင်ရှိပြီး ယူကေက အဆင့် ၂၃၊ ပြင်သစ်နိုင်ငံက အဆင့် ၃၂ နှင့် အီတလီနိုင်ငံက အဆင့် ၅၀ ၌ ရပ်တည်နေသည်။ "ဒါဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အလွန်ကို အားရှိစေတဲ့ သတင်းတစ်ရပ်ဖြစ်ပြီး အလွန်ကိုချမ်းသာကြွယ်ဝတဲ့ အမေရိကန် ပြည်ထောင်စုက ပြီးခဲ့တဲ့နှစ် ၅၀ ကာလအတွင်း ချမ်းသာ ကြွယ်ဝလာခဲ့ပေမယ့် ပျော်ရွှင်မှုသိပ်မရှိခဲ့ဘူးလေ" ဟု SDSN အကြီးအကဲနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးအကြံပေး ပါမောက္ခ ဂျက်ဖရီဆက်ချ်က ပြောကြားသည်။ ပျော်ရွှင်မှုရှိသော တိုင်းပြည်များနှင့် ပျော်ရွှင်မှုမရှိသော တိုင်းပြည်များမှ ပြည်သူများကြား ခြားနားချက်များကို သိပ္ပံနည်းကျတိုင်းတာ၍ မရနိုင်ပေ။ "ဘာကြောင့် ပျော်ရွှင်မှုရှိခြင်းမရှိခြင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နားလည်နိုင်ပါတယ်" ဟု အစီရင်ခံစာရေးသားသူများအနက် တစ်ဦးဖြစ်သူ ဂျက်ဖရီက ပြောကြားသည်။

ရိုက်တာ။

ပထမဆုံးစီးပွားဖြစ် ဒုံးယာဉ်လွှတ်တင်ရေးကုမ္ပဏီ တရုတ်ထူထောင်သွားမည်

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံတွင် ဒုံးယာဉ်လွှတ်တင်ရေးနှင့် ဒုံးယာဉ်တည်ဆောက်ရေး ကုမ္ပဏီတစ်ခုကို ပထမဆုံးအကြိမ် တည်ထောင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်အာကာသနည်းပညာလုပ်ငန်းမှ သိပ္ပံပညာရှင်တစ်ဦးက မတ် ၁၇ ရက်တွင် ပြောကြားသည်။

ကွေ့ကျိုး-၁၁ ဟု အမည်ပေးထားသည့် သယ်ယူပို့ဆောင်ရေး ဒုံးပျံကို ၂၀၁၇ ခုနှစ်တွင် စီးပွားဖြစ်ဒုံးယာဉ်ပစ်လွှတ်ရေးလုပ်ငန်းအတွက် ပစ်လွှတ်ရန် စီစဉ်ထားကြောင်း တရုတ်ဆန်ကျန်းအာကာသအုပ်စု (စီအက်စ်အက်စ်ဂျီ)၏ ဒီဇိုင်းပုံစံထုတ်လုပ်ရေးအင်ဂျင်နီယာဌာနအကြီးအကဲ ဟူရှန်းယန်က ပြောကြားသည်။

စီအက်စ်အက်စ်ဂျီကုမ္ပဏီသည် တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေပြည်နယ်တွင် အခြေစိုက်သည်။ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်းက ကွေ့ကျိုး-၁ နှင့်ကွေ့ကျိုး-၂ ဟု အမည်ပေးထားသည့်လောင်စာတောင့်ခဲသုံးသယ်ယူပို့ဆောင်ရေး ဒုံးယာဉ်များလွှတ်တင်ခဲ့သည်။ ကွေ့ကျိုးဟူဘေ ဝေါဟာရမှာ တရုတ်ဘာသာအရ အလျင်မြန်ဆုံး သောယာဉ်ဟု အဓိပ္ပာယ်ရသည်။

နိုင်ငံတကာအာကာသဆိုင်ရာ စျေးကွက်တွင် အမေရိကန်ပြည်ထောင်စုက လွှမ်းမိုးထားပြီး ဂြိုဟ်ပတ်လမ်းရှိ ဂြိုဟ်တုအရေအတွက်၏ ထက်ဝက်ကျော်ကို အမေရိကန်က လွှတ်တင်ခဲ့သည်။ တရုတ်နိုင်ငံသည် ယင်းစျေးကွက်သို့ ပိုမို ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ဆင်ဟွာ။

မြန်မာ-ဂျာမနီ တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအခြေအနေများ ဆွေးနွေး

နေပြည်တော် မတ် ၁၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian Ludwing Weber Lortsch အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အေပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးအခြေအနေများ၊ နိုင်ငံတကာအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညွှန်ကြားကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့တက်ရောက်ကြပြီး ဂျာမနီနိုင်ငံသံအမတ်ကြီးနှင့်အတူ ပထမအတွင်းဝန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒီဇာတာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူ့အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူ့အားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အာရှအဝေးသင်တက္ကသိုလ်များ OU5 သို့ ရန်ကုန်အဝေးသင်တက္ကသိုလ် ဝင်ရောက်ခွင့်ရ

ရန်ကုန် မတ် ၁၇

အာရှအဝေးသင်တက္ကသိုလ်များ FIVE OPEN UNIVERSITY-OU5 သို့ဝင်ရောက်ခွင့်ကို မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနအား မတ် ၁၄ ရက်စွဲဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခဒေါက်တာသဇင်လွင်ထံမှ သိရသည်။

အရှေ့တောင်အာရှဒေသတွင်းရှိ FIVE OPEN UNIVERSITY-OU5 အဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံနိုင်ငံအတွင်း အဝေးသင်တက္ကသိုလ်အချင်းချင်း အဝေးသင်ပညာရေးဖွံ့ဖြိုးတိုးတက်မှုများကို တန်းတူညီမျှစွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် အင်ဒိုနီးရှားနိုင်ငံ SURABAYA မြို့တွင် ကျင်းပသော OU5 အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားချက်အရ ရန်ကုန်အဝေးသင်တက္ကသိုလ် ဓာတုဗေဒဌာနမှ ပါမောက္ခဒေါက်တာသဇင်လွင် တက်ရောက်ခဲ့မှု အစီရင်ခံတင်ပြချက်အရ ယခုလို ပညာရေးဝန်ကြီးဌာနမှ အတည်ပြုပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ OU5 အစည်းအဝေးကို အချိန်မီတက်ရောက်ခွင့်ရရှိခဲ့သဖြင့် မြန်မာနိုင်ငံအတွင်းရှိ အဝေးသင်တက္ကသိုလ် ၃၅ ခုသည် Online မှ အဝေးသင်သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများနည်းတူ တန်းတူညီမျှစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရရှိနိုင်မည့်အပြင် ရန်ကုန်အဝေးသင်တက္ကသိုလ်သည်လည်း အရှေ့တောင်အာရှ၏ OU5 မှ OU6 အဆင့်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း ဒေါက်တာသဇင်လွင်က ရှင်းပြသည်။

အဝေးသင် သင်ကြားရေးပါဝင်ပူးပေါင်းခွင့်ရရှိချိန်တွင် အဝေးသင်ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှုအပါအဝင် မိမိတို့ စိတ်ကြိုက်ရွေးချယ်ထားသော ဘာသာရပ်များကို ပိုမိုထိရောက်စွာ သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သိန်းဝင်း)**

နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ကွမ်းခြံကုန်း မတ် ၁၇

၂၀၁၆ ခုနှစ် မတ်လမှစ၍ အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ရေပြတ်လပ်နိုင်သည့် တော်ကေး၊ တော်ကလိတ်၊ ဆိပ်ကမ်းသာ၊ အလယ်ရွာ၊ ကညင်ကုန်း၊ အောင်ဇေယျ၊ ဇီးကုန်းကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ဒေသခံများနှင့်အတူ သောက်သုံးရေကန်များ၏အခြေအနေကို လိုက်လံကြည့်ရှုပြီး ကျေးရွာများ၏ ရေသုံးစွဲမှု၊ နောက်ထပ်သုံးစွဲနိုင်သည့်ကာလ၊ လက်ရှိသောက်သုံးရေများကို စနစ်တကျသုံးစွဲရေး၊ ရေပြတ်နိုင်သည့်ကာလတို့ကို မေးမြန်း၍ ရေပြတ်လပ်ပါက သယ်ယူပေးဝေနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့သည့်အပြင် နောင်တွင် ရေပြတ်လပ်မှုမဖြစ်ပေါ်ရေးအတွက် ဒေသနှင့်ကိုက်ညီမည့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့်တင်ပြရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သရဖီ-ကွမ်းခြံကုန်း)**

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

စီဘူး မတ် ၁၇

(၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ် လာပူလာပူမြို့တွင် မတ် ၁၅ မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ (၁၃) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲ အခမ်းအနားကို အဆိုပါမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ် လာပူလာပူမြို့တော်ဝန် Ms. Paz C Radaza က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှုအဆိုအကများနှင့် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းဝေးများ၏ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်မက အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Herminio B. Coloma ထံ ဥက္ကဋ္ဌတာဝန်များ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Herminio B. Coloma က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် (၁၃)ကြိမ်မြောက်အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် (၁၃)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးရလဒ်များကို အတည်ပြုပြီး အာဆီယံဆက်သွယ်ရေးဆိုင်ရာမဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်စေရန်ဆောင်ရွက်မည့် အစီအစဉ်များ၊ အာဆီယံပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ အဓိက မဟာဗျူဟာ (၄)ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် ဆက်လက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် မီဒီယာဖွံ့ဖြိုးမှုကို လေ့လာ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ မီဒီယာဆိုင်ရာလုပ်ငန်းများနှင့် သင်တန်းအစီအစဉ်ဆိုင်ရာပူးပေါင်းစီစဉ်ဆောင်ရွက်မှုများ၊ အာဆီယံနိုင်ငံများ၏ မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာဆွေးနွေးမှုများ၊ ၂၀၁၇ ခုနှစ်တွင် ပြည့်မြောက်မည့် အာဆီယံစတင်ထူထောင်ခြင်းနှစ်(၅၀) ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအလိုက် ကျင်းပဆောင်ရွက်မည့် အစီအစဉ်များ၊ အာဆီယံပြည်သူများအနေဖြင့် အာဆီယံ၏ အခန်းကဏ္ဍကို ပိုမိုသိသာထင်ရှားစေရန် ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာသော ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် (၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ဆက်လက်၍ (၄) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်(၃)နိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ဒေသတွင်းမီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံအသိအမြင်မြှင့်တင်ရေးအတွက် ပြန်ကြားရေးကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကူညီပံ့ပိုးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးခဲ့ပြီး အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၏ အကြိုအစည်းအဝေးများအဖြစ် (၁၄)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၄)ကြိမ်မြောက် အာဆီယံနှင့်မိတ်ဖက် (၃)နိုင်ငံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-ဂျပန်ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၁၅၊ ၁၆ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့၌ ကျင်းပခဲ့သည်။

(သတင်းစဉ်)

အညာနွေကာလများစွာကို ဖြတ်သန်းအနိုင်ယူဖို့ ပေါ်ထွက်လာမယ့် အထက်ဆည်တော်ကြီးရေလှောင်တမံ

စိမ်းညို့နေသောတောင်တန်းများကို အရပ်လေးမျက်နှာတစ်ခွင် မှုန်ပျပျမြင်ရသည်။ ပြာလဲ့လဲ့ရေပြင်ကို တိုက်ခတ်လာသော လေနုအေးများက ရောက်လာသူအပေါင်းကို အမောပြေစေသည်။ ထိုနေရာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းတည်ရှိသည့် နှစ်ပေါင်း ၃၀ ခန့်ရှိပြီဖြစ်သော ဆည်တော်ကြီးရေလှောင်တမံဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အားထားရာလည်းဖြစ်သည်။

သတင်းဆောင်းပါး - ခင်ဂုတနာ၊ သိမ့်သိမ့်ဝိုး (မြန်မာ့အလင်း)
ဓာတ်ပုံ - ဂုမည၊ နိုင်လင်းကြည် (ကြေးမုံ)

လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦး။

"ဒေသက အပူပိုင်းဖြစ်တော့ စိုက်ပျိုးရေးအတွက် ရေဟာမရှိမဖြစ်ပါ။ လုံလောက်တဲ့ စိုက်ပျိုးရေကို လွယ်ကူစွာနဲ့ သုံးစွဲခွင့်ရတာ အဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ"ဟု ဆည်တော်ကြီးရွာသား ဦးအေးသန်းက ပြောပါတယ်။

ဆည်တော်ကြီးမှ ဆည်ရေသောက် ဧရိယာ ဧက ၁၂၇၀၀၀ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၇၄ သန်းခန့်ကို ထုတ်လုပ်ပေး လျက်ရှိသည်။

မန္တလေးကျုံးရေဖြည့်တင်းခြင်းနှင့် မန္တလေးတိုင်းဒေသကြီး တစ်ခွင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေး လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန မှ သိရသည်။

ဆည်တော်ကြီး ရေလှောင်တမံ သည် ရေဝင်အားကောင်းပြီး တစ်နှစ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၁ သိန်းခန့် ရှိပြီး တစ်နှစ်ပျမ်းမျှ အသုံးပြုသည့် ရေပမာဏမှာ ၁၂ ဒသမ ၇ သိန်း ခန့်ရှိကြောင်း၊ ဆည်တော်ကြီးမှ မတ္တရာမြို့၊ မန္တလေးမြို့၊ အမရပူရ မြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့သို့ စိုက်ပျိုးရေးအတွက် ရေပေးဝေလျက် ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် မိုးစပါး ၇၇၁၄၉ ဧကနှင့် နွေစပါး ၁၉၆၅၁ ဧကတို့အတွက် ရေပေးဝေ လျက်ရှိကြောင်း သိရသည်။

သို့သော် ကမ္ဘာတစ်ဝန်းလုံးတွင် သစ်တောများ ပြုန်းတီးလာခြင်း၊ အိုဇုန်းလွှာထိခိုက်သည်အထိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှု များပြားလာခြင်းနှင့် လူသားတို့ သုံးစွဲသည့် အသုံးအဆောင်များ၏ ရိုက်ခတ်မှုကြောင့် ရာသီဥတုဖောက် ပြန်မှုများကို တစ်နှစ်ထက်တစ်နှစ် ကြုံလာကြရာ လုံလောက်သည့် ရေ ရရှိရေးသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် အခြေချနေထိုင်ကြပြီး စိုက်ပျိုးရေး လုပ်ငန်းသည် အသက်သွေးကြော ဖြစ်သဖြင့် စိုက်ပျိုးရေးလုံလောက် စေရန်အတွက် ရေအရင်းအမြစ် သယံဇာတများကို အကျိုးရှိစွာသုံးစွဲ ခြင်းဖြင့် ပြေလည်စေနိုင်မည်ဟု ခန့်မှန်းရသည်။

"ရာသီဥတုက ဖောက်ပြန်နေတဲ့ အချိန်မှာ ဆည်တော်ကြီးရေလှောင်တမံက ဒေသကို အများကြီး အကျိုးပြုပါတယ်။ ကန်ရေပြည့်သိုလှောင်နိုင်တဲ့ ပမာဏက ဧကပေ ၃ ဒသမ ၆၃ သိန်းပါ။ ဒါပေမယ့် စီးဝင်တဲ့ ရေရဲ့ ၃၀ ရာခိုင်နှုန်းကိုပဲ သိုလှောင်ပေးနိုင်တဲ့အတွက် ပိုလျှံနေတဲ့ရေတွေကို မထိန်းသိမ်းနိုင်လို့ နှစ်စဉ်ရေကြီးတတ်ပါတယ်။ အဲဒါကြောင့် ချောင်းမကြီး ချောင်းရဲ့ တစ်နှစ်လုံးစီးတဲ့ရေတွေ အနက်က ပိုလျှံတဲ့ရေတွေကို ထပ်ပြီး သိုလှောင်ထားနိုင်မယ်ဆိုရင် ရေအား လျှပ်စစ်လည်းပိုထုတ်နိုင်ပြီး ရေကြီး ရေလျှံတာတွေကိုလည်း ထိန်းချုပ်နိုင် မယ်လို့ထင်ပါတယ်။ ၂၀၀၆ ခုနှစ်မှာ အထက်ဆည်တော်ကြီး ရေလှောင် တမံကို တည်ဆောက်ဖို့ လျာထားပေ နှင့် SANYU CONSULTANTS INC(SCI) အတိုင်ပင်ခံအဖွဲ့တို့ အစီရင်ခံစာများ ရေးဆွဲတွက်ချက်နေ ပြီဖြစ်ကြောင်း သိရသည်။

"မိုးကစောမလား၊ နောက်ကျမလား ဆိုတာ ခန့်မှန်းမရဘူး။ ရာသီဥတု တွေကလည်း ဖောက်ပြန်နေတာဆို တော့ နွေစပါးကိုလည်း လိုအပ်ရင် စိစစ်ပေးသင့်ပါတယ်။ ရေမလောက် တာမျိုးမဖြစ်အောင် လက်ရှိဆည် တော်ကြီးရဲ့ ရေပေးဝေမှုကို စနစ်ကျ အောင် ဆောင်ရွက်ပေးဖို့လိုအပ်သလို ဆည်တော်ကြီးအနေနဲ့ နှစ် ၃၀ ရှိလာ ပြီဆိုတော့ ရေက သိုလှောင်နိုင်တဲ့ မြေကေပေ သုံးသိန်းကျော်ဆိုရင် နုန်းကျနေမှုကိုလည်း ထည့်စဉ်းစားဖို့ လိုပါတယ်။ ရေဝင်တဲ့ပမာဏနဲ့ ပိုပြီး ရေပေးဝေမှုစိတ်ချရစေဖို့အတွက်နဲ့ လျှပ်စစ်ဓာတ်အား တိုးထုတ်နိုင်ဖို့ အတွက် အထက်ဆည်တော်ကြီး ရေလှောင်တမံကို ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်သင့်ပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ လုပ်ကိုင် မသွားနိုင်ပေမယ့် ဖြစ်နိုင်မယ်ဆိုရင် သဘာဝကပေးနေရက်သားနဲ့ အလ ဟသ ဖြစ်မှာစိုးပါတယ်။ နေရာက အဆင်ပြေတယ်ဆိုရင်တော့ အစိုးရ အဆင့်ဆင့်နဲ့ လွှတ်တော်ကို တင်ပြပြီး ဆောင်ရွက်သင့်တယ်ဆိုရင် ဆောင် ရွက်ပါ"ဟု ဆည်တော်ကြီး ရေလှောင် တမံအား လာရောက်ကြည့်ရှုစစ်ဆေး ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် က ဆည်တော်ကြီးရေလှောင်တမံမှ တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အထက်ဆည်တော်ကြီး ရေလှောင် တမံ တည်ဆောက်မည်ဆိုပါက နမ့်မက် ချောင်းပေါ်တွင် တည်ဆောက်ရမည် ဖြစ်သည်။ ထိုနေရာသည် နှစ်စဉ် မိုးရေချိန်လက်မ ပျမ်းမျှအားဖြင့် ၃၅ လက်မခန့်ရရှိသည့် နေရာဖြစ်ပြီး ကန်ပြည့်ရေလှောင်ပမာဏ ဧကပေ ၅၃၀၀၀၀ ဝင်ဆံ့နိုင်သည်။ ကန်ရေ သေ ဧကပေ ၂၇၀၀၀ ထိန်းထားနိုင် ကာ ကန်ရေအပြည့်ရေပြင်ကျယ် ဧရိယာ ဧက ၅၇၃၀ ရှိသည့် ကျောက် ဖြည့်တမံအဖြစ် တည်ဆောက်နိုင်ပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၁၇ ဒသမ ၇ သိန်းဧကပေရရှိမည်ဟု ခန့်မှန်း ကြောင်း ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရှိရ သည်။

ထို့ပြင် ဒေသအတွင်း ရေကြီး နစ်မြုပ်မှု သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ပြီး လူဦးရေထူထပ် သော မန္တလေးမြို့၏ သောက်သုံးရေ လိုအပ်ချက်၊ ဆည်တော်ကြီးရေလှောင် တမံအား ရေပိုမိုဖြည့်ဆည်းနိုင်မည့် အကျိုးကျေးဇူးများအပြင် နိုင်ငံတော် ၏ လိုအပ်ချက်ဖြစ်သော ရေအား လျှပ်စစ် ၆၄ မဂ္ဂါဝပ်ကို ထုတ်လွှတ် ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

"မိုးတွင်းမှာရေကြီးရင် ဆည်တော် ကြီးက ရေတွေကိုလွှတ်ချရလေ့ရှိပါ တယ်။ ရေတံခါးခုနစ်ခုရှိပြီး ရေအဝင် များလာတာနဲ့ ကျွန်တော်တို့က ကြိုတင်ရေလွှဲနိုင်တဲ့ ရေတံခါးစနစ်မို့ အဆင်ပြေပါတယ်။ သို့သော် နှစ်တိုင်း ရေများတဲ့အတွက် ရေလျှံမှုမဖြစ်ပွား အောင် ဂရုပြုရတယ်။ မနှစ်က ဒီအချိန်နဲ့ ယှဉ်ကြည့်ရင် ရေဧကပေ ၂၆၀၀၀လောက် သိုလှောင်ထားနိုင်ပါ တယ်။ အယ်နီညျရာသီဥတုဖြစ်နေ တော့ ဒီနှစ်နွေစပါး ဧက ၉၀၀၀ လောက် လျှော့လိုက်ပါတယ်။ အဲဒီ နေရာမှာ နှမ်းအစားထိုးစိုက်နိုင်ဖို့ တောင်သူတွေကို ပညာပေးမှုတွေ ပြုလုပ်တယ်။ တကယ်လို့သာ အထက် ဆည်တော်ကြီး တည်ဆောက်ပြီး ပုံပိုး နိုင်မယ်ဆိုရင်တော့ ရာသီမရွေး ရေပေးဝေမှုနဲ့ ရေသိုလှောင်မှုကို ပိုမိုလုပ်ဆောင်နိုင်မယ်လို့ ထင်ပါ တယ်။ ဒါ့အပြင် ရေကြီးရေလျှံဖြစ်တာ တွေကိုလည်း ထိန်းချုပ်နိုင်မယ်လို့ ထင်ပါတယ်"ဟု မန္တလေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်နှင့်ရေလှောင်တမံစုစုပေါင်း ၉၇ ခုခန့်ရှိသော်လည်း စိုက်ပျိုးမြေကေ သောင်းနှင့်ချီကာ တာဝန်ယူရေပေး ဝေနေသည့် ရေလှောင်တမံများအနက် ဆည်တော်ကြီးရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရ သည်။

"စတင်တည်ဆောက်ခဲ့ပြီး ၂၉ နှစ် ကျော် ကာလတစ်လျှောက်မှာ ၂၀၀၄ ခုနှစ်တစ်နှစ်သာ ရေမကျော်ခဲ့ပါဘူး။ ရေဝင်အနည်းဆုံးနှစ်ဖြစ်ပြီး ဝင်ရေက ဧကပေ ၁၀ သိန်းပဲရှိခဲ့တယ်။ ကျန်တဲ့ နှစ်တိုင်းမှာ ရေဝင်များတဲ့အတွက် ရေလျှံပါတယ်။ ရေမလျှံနိုင်အောင် ရေလှောင်တမံ အသစ်တစ်ခုကတော့ ကျိန်းသေလိုအပ်တယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ သိရသလောက် ၁၉၉၆ ခုနှစ်တုန်းက မိုးများတဲ့အတွက် ရေ တွေ တအား ဆည်ထဲကိုဝင်ခဲ့ပါတယ်။

ဆည်တော်ကြီးရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုကို တွေ့ရစဉ်။

ဦးစီးအရာရှိ ဦးကျော်ဇော။

မန္တလေးတူးမြောင်းတို့ကို တည် ဆောက်ကာ ရေသွင်းစိုက်ပျိုးခဲ့ကြ သည့် သမိုင်းမှတ်တမ်းများကို မြင်တွေ့ရသည်။

၁၉၈၇ ခုနှစ်တွင်မူ ချောင်းအတွင်း ဝင်ရောက်သည့် စီးရေများကို ရေလှောင်တမံဖြင့် သိုလှောင်ကာ ရာသီမရွေးစိုက်ပျိုးရေ ပေးဝေနိုင်ရန် နှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် အတွက် ဆည်တော်ကြီးရေလွှဲဆည်၏ အထက်ဘက် နှစ်မိုင်ခန့်အကွာ ချောင်းမကြီးပေါ်တွင် ဆည်တော်ကြီး ရေလှောင်တမံကို တည်ဆောက် ထားခဲ့ရာ ယခုဆိုပါက နှစ် ၃၀ တိုင်ခဲ့ ပြီဖြစ်သည်။ ယခုထပ်မံ၍ အထက် ဆည်တော်ကြီး ရေလှောင်တမံကိုပါ တည်ဆောက်နိုင်ပါက အညာမြေ တစ်ခွင် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် များစွာအကျိုးရှိစေမည်ဖြစ် ကြောင်း ခန့်မှန်းရသည်။

ဆည်တော်ကြီးရေလှောင်တမံမှ အပြန်ကားလမ်းမပေါ်တွင် ဆည် တော်ကြီး ဆည်ရေသောက်ဧရိယာ အတွင်း မှ ရေကျော်တံတားတစ်ခုကို မြင်တွေ့ရသည်။ တံတားနံဘေးတွင် ဆော့ကစားနေသော ကလေးများနှင့် အမျိုးသမီးတစ်သိုက်တို့က အဝတ် လျှော်ဖွပ်နေကြသည်။ လှည်းတစ်စီး ကလည်း မြင်ကွင်းအတွင်းဝင်ရောက် ကာ ရေစပ်သို့ဆင်းသက်သည်။

သန်စွမ်းသော နွားနှစ်ကောင်မှာ ရေအထိအတွေ့ကြောင့် ကဆုန် ပေါက်ကာ ပျော်မြူးနေကြပြီး ပိုင်ရှင် အမျိုးသားကလည်း ရေချိုးရန် ပြင်ဆင်သည်။ "ကျွန်မတို့ငယ်ငယ်က နွေဆိုရင် ရေရဖို့ တစ်မျှော်ကြီး ထမ်းရ ပိုးရတယ်။ အခုတော့ မြောင်းတွေ ကနေ ရေပုံမှန်ရလို့ ရေအတွက်မပူရ တော့ဘူး။ မိုးတွင်းအခါများမှာ ရေက လျှံတောင်နေတာကိုတော့ ထိန်းထားပေးဖို့လိုသေးတယ်။ နွေ ဖြစ်ဖြစ် မိုးဖြစ်ဖြစ် ရေပုံမှန်လေး ရှိစေချင်တယ်" ဟု အမျိုးသမီးကြီး တစ်ဦးက ရေချိုးနေရာမှ ပြောပြသည်။

မြေလမ်းကလေးအတိုင်း ဖုန်တ သောသောဖြင့် ရေနံ့သာမြို့ပေါ်သို့ စာရေးသူတို့မော်တော်ကား မောင်း ထွက်လာရာ စိမ်းညို့သော တောင် တန်းများခြံရံထားသည့် ပြာလဲ့လဲ့ ဆည်တော်ကြီးကတော့ အနောက် တွင် မှုန်ပြပြသာ ကျန်ရစ်ခဲ့တော့ သည်။ ။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့သို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

နေပြည်တော် မတ် ၁၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ နိုင်ငံတကာလွှတ်တော် ဥက္ကဋ္ဌများကပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ၂ ခု၊ ပြည်ထောင်စု ၈၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲမှုများနှင့် ကယားပြည်နယ်မှ ရပ်ကွက်နှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှု၊ ပယ်ဖျက်မှုနှင့် အမည်ပြောင်းလဲမှုတို့ကို မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေး လွှတ်တော်သို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ စင်ကာပူနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mdm.Halimah Yacob နှင့် ကူဝိတ်နိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Marzoug Ali Al-Ghanim တို့မှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို မှတ်တမ်းတင်သည်။

ဆက်လက်၍ လွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း (၁)ခု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာလုပ်ငန်း(၁)ခု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာလုပ်ငန်း(၂)ခု စုစုပေါင်းလုပ်ငန်း (၆)ခုအတွက် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်း ၃၉၁၅ ဒသမ ၂၂၄ ခွဲဝေသုံးစွဲထားရှိမှုကို မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နာယက က ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာ ၂ ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ ၆ ရွာ ပယ်ဖျက်ခြင်း၊ ဒီးမော့ဆိုမြို့နယ်တွင် ကျေးရွာ ၅ ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ ၃ ရွာပယ်ဖျက်ပြီး ကျေးရွာ ၁ ရွာ အမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖရူဆိုမြို့နယ်တွင် ကျေးရွာ ၁ ရွာပယ်ဖျက်ခြင်းနှင့် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ်တွင် ကျေးရွာ ၆ ရွာတိုးချဲ့ဖွဲ့စည်း၍ ကျေးရွာ ၈ ရွာ ပယ်ဖျက်ခြင်းကိစ္စရပ်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်ကို ၂၁ ဌာနဖြင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကို ၁၈ ဦးဖြင့် လည်းကောင်း သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန(၂၁)ခုမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် လွှတ်တော်နာယက က ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်နိုင်ရန် တင်ပြချက်နှင့်စပ်လျဉ်းပြီး မတ် ၁၈ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန် လွှတ်တော်သို့တင်ပြ

နေပြည်တော် မတ် ၁၇

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံရသူက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုနှင့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး သတ်မှတ်နိုင်ရန်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ကြသည်။

ယနေ့ လွှတ်တော်သို့တင်ပြခဲ့သည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေတို့ကို သတ်မှတ်နိုင်ရန် မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ အဌမမြောက်နေ့ ဖြေဆိုပြီးစီး

နေပြည်တော် မတ် ၁၇

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်တွင် စတင်ဖြေဆိုခဲ့ပြီး မြန်မာစာဘာသာရပ် ဖြေဆိုသည့်နေ့တွင် စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသားကျောင်းသူ ၆၇၁၆၇၀ တွင် ဖြေဆိုသူပေါင်း ၆၃၆၂၄၂ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူပေါင်း ၃၅၄၂၈ ဦး ရှိခဲ့သည်။

ယင်းနောက် အင်္ဂလိပ်စာဘာသာရပ်နှင့် သင်္ချာဘာသာရပ်တို့ကို ဆက်လက်ဖြေဆိုခဲ့ကြပြီး သင်္ချာဘာသာရပ် ဖြေဆိုသည့်နေ့အထိ ပျက်ကွက်သူပေါင်း ၃၆၈၃၃ ဦး ရှိခဲ့သည်။ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ် ဖြေဆိုသည့်နေ့များတွင် စာမေးပွဲဖြေဆိုရန် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၆၁၁၁၄၁ ဦးရှိပြီး ဓာတုဗေဒနေ့အထိ ပျက်ကွက်သူ ပေါင်း ၃၂၉၉၆ ဦး၊ ရူပဗေဒနေ့အထိ ပျက်ကွက်သူပေါင်း ၃၃၃၈၈ ဦးရှိသည်။

ဇီဝဗေဒဘာသာရပ်ဖြေဆိုရန်စာရင်းရှိ ၁၇၇၀၃၀ ဦးရှိပြီး ဖြေဆိုသူ ၁၆၉၈၀၈ ဦးဖြစ်ကာ ပျက်ကွက် ၇၂၂၂ ဦးနှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ၄၉၃၉၇၇ ဦးရှိပြီး ဖြေဆိုသူ ၄၆၂၉၄၉ ဦးဖြစ်ကာ ပျက်ကွက် ၃၀၀၂၈ ဦးရှိခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ အဌမနေ့တွင် ပထဝီဝင်ဘာသာဖြေဆိုရန် စာရင်းရှိ ၆၀၇၅၄ ဦးတွင် ၅၆၀၆၀ ဖြေဆိုကြပြီး ၄၆၉၄ ဦး ပျက်ကွက်ကာ ဖြေဆိုသူ ၉၂ ဒသမ ၂၇ ရာခိုင်နှုန်းရှိသည်။

မတ် ၁၈ ရက်တွင် သမိုင်းဘာသာတွဲယူသည့် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုကြမည်ဖြစ်သည်။

(သတင်းစဉ်)

ကျေးရွာအရောက် ကျန်းမာရေးကွင်းဆင်း စစ်ဆေး

ဗန်းမော် မတ် ၁၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ် ဖာကေကျေးရွာအုပ်စုတွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖာကေကျေးရွာနှင့် ပန်ကောင်းမုကျေးရွာတို့၌ မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒေါက်တာမေရီမြင့်နှင့် ဝန်ထမ်းများက စစ်ဆေးပေးခဲ့ရာ ကျေးရွာနေပြည်သူ ၁၅၈ ဦးတို့ လာရောက်စစ်ဆေးကုသမှုခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် မြန်/ဆက်)**

ပြည်တွင်းရေးရာ

✱ ကျောဖုံးမှ

ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ လိုအပ်တဲ့ ဥပဒေမူဘောင်ပြုပြင်ပြောင်းလဲမှု၊ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ လုပ်ထုံးလုပ်နည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနဲ့ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။

"ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်လို့ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီပြီး လွယ်ကူချောမွေ့စေဖို့ ဖြေလျှော့မှုအဖြစ် ရင်းနှီးမြှုပ်နှံမှုများအပေါ် အခွန်ကင်းလွတ်ခွင့်ကာလတိုးမြှင့်ပေးပါတယ်။ မြေငှားရမ်းမှုနဲ့ပတ်သက်ပြီး ဖြေလျှော့ပေးပါတယ်။ နိုင်ငံခြားငွေ လွှဲပြောင်းသုံးစွဲခွင့်အပေါ် ဖြေလျှော့ပေးတယ်။ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေအပေါ် ဖြေလျှော့ပေးတယ်။ ခေတ်ကာလနဲ့ လိုက်လျောညီထွေမှုရှိရမယ့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအမျိုးအစား သတ်မှတ်ပါတယ်။

"ဒါ့အပြင် လိုအပ်တဲ့အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ပေးပါတယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်တဲ့ အစီအစဉ်တွေ ဆောင်ရွက်ခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ ပြည်တွင်းဆက်စပ်အစိုးရဌာန/ပုဂ္ဂလိကအသင်းအဖွဲ့တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဒါတွေကြောင့် (၅)နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

(၅)နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း(၁၃)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၆၄၄ ဒသမ ၄၆၀ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၉၄)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၁၉ ဒသမ ၄၆၇ ရှိခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း (၁၂၃)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၀၇ ဒသမ ၀၅၅၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၁၂၆)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၀၀ ဒသမ ၀၅၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၁၂၃)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၁၀၇ ဒသမ ၀၅၅၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၁၃)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၁၀ ဒသမ ၀၅၅၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၁၆၆)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၇၄၀ ဒသမ ၂၂၃ ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးက "၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် စတင်ပေါ်ပေါက်လာချိန်ကစပြီး ဒီကနေ့အထိ မြန်မာနိုင်ငံမှာ ပြည်ပနိုင်ငံ စုစုပေါင်း (၄၄)နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံမှုရှိတဲ့အနက် အခု(၅)နှစ်တာ ကာလအတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံပေါင်းက (၃၈) နိုင်ငံရှိပါတယ်"ဟု ပြောပြသည်။

(၅)နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံသော အဓိကနိုင်ငံများမှာ စင်ကာပူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း၊ ဟောင်ကောင်၊ နယ်သာလန်၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ပတ်သက်၍ လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း (၃၄)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၂၄၁၅၇၅ ဒသမ ၅၃၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း(၆၅)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၁၇၄၆၂၅ ဒသမ ၂၉ ရှိခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း (၆၈)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ်သန်းပေါင်း ၁၇၁၅၇၅၂ ဒသမ ၂၆၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်း (၆၆)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၂၀၆၉၂၁ ဒသမ ၉၇ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်း(၁၂၂)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၅၅၉၈၂၁ ဒသမ ၀၃ အထိ ခွင့်ပြုပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနှင့် ပတ်သက်၍ ဦးအောင်နိုင်ဦးက "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသားလုပ်သား စုစုပေါင်း ၅၂၅၅၀၄ ဦးကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက်မှာ စုစုပေါင်း ၃၅၇၂၄၅ ဦးကို အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့တဲ့အတွက် စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း (၆၈ ဒသမ ၂၄ရာခိုင်နှုန်း)ကို (၅)နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောပြသည်။

အလားတူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံသား လုပ်သား စုစုပေါင်း ၂၉၄၉၁၉ ဦး အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် စုစုပေါင်း ၈၇၁၆၂ ဦးအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့သည့်အတွက် စုစုပေါင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခြင်းအပေါ် (၂၉ ဒသမ ၅၅ရာခိုင်နှုန်း) ကို (၅)နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရသည်။

မိမိတို့နိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပတ်သက်၍ ကာလ(၂)ခုအတွင်း ပုံသဏ္ဌာန် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ဝင်ရောက်မှုများ၌ သဘာဝအရင်းအမြစ်ကိုအခြေခံသောလုပ်ငန်းများမှာ အများဆုံး ဝင်ရောက်ခဲ့သည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအပေါ် လျှပ်စစ်ကဏ္ဍတွင် ၄၀ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ၃၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၄ ဒသမ ၈၀ ရာခိုင်နှုန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ၂ ဒသမ ၉၅ ရာခိုင်နှုန်းအသီးသီးရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာမှု၌ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် အများဆုံး၊ လျှပ်စစ်ကဏ္ဍတွင် ၂၀ ဒသမ ၃၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၁၉ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ၁၈ ဒသမ ၈၄ရာခိုင်နှုန်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် ၇ ဒသမ ၆၁ ရာခိုင်နှုန်းအသီးသီးရှိပြီး (၅)နှစ်တာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများတွင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ကဏ္ဍအသီးသီး အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေးစီမံကိန်းဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ ဆောင်ရွက်လျက်ရှိသော အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေးစီမံကိန်းဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုရာ၌ ခေတ်နှင့်လျော်ညီစွာပြဋ္ဌာန်းထားသော ကော်မရှင်၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု ဦးအောင်နိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

ထင်းက "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေခွင့်ပြုရာမှာ လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်တဲ့သဘာဝနဲ့ လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး ဆောင်ရွက်မယ့် အစီရင်ခံစာတွေဖြစ်တဲ့ Initial Enviromental Examination (IEE), Enviroment Impact Assessment (EIA), Social Impact Assessment (SIA), Enviromental Management Plan (EMP), Enviromental Social and Health Impact Assessment (ESHIA), Enviromental Social Impact Assessment (ESIA) ဆန်းစစ်ချက်တွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

ကော်မရှင်အနေဖြင့်လည်း ၂၀၁၄ ခုနှစ် သြဂုတ်လ ၁၄ ရက်နေ့တွင် ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ချက်ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄) ကို ထုတ်ပြန်ခဲ့ပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်ဟု ဆိုသည်။

ကော်မရှင်အတွင်းရေးမှူးက "၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ချက်နဲ့ အညီ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၉၇)ခုမှာ စက်မှုကဏ္ဍက အစီရင်ခံစာ (၄၅)ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍက အစီရင်ခံစာ (၄)ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍက အစီရင်ခံစာ (၈)ခု၊ ဟိုတယ်ကဏ္ဍက အစီရင်ခံစာ (၁)ခု၊ စွမ်းအင်ကဏ္ဍကအစီရင်ခံစာ (၄၀)၊ သတ္တုတူးဖော်ရေးကဏ္ဍက အစီရင်ခံစာ(၆)ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍက အစီရင်ခံစာ(၃)ခု၊ စိုက်ပျိုးရေးကဏ္ဍက အစီရင်ခံစာ(၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍက အစီရင်ခံစာ (၁၄) ခု စုစုပေါင်းအစီရင်ခံစာတင်ပြမှု (၁၂၂) ရှိခဲ့ပါတယ်။

"မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၉၆)ခုမှာ စက်မှုကဏ္ဍက အစီရင်ခံစာ(၂၁)ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍက အစီရင်ခံစာ (၈)ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍက အစီရင်ခံစာ (၂၃)ခု၊ ဟိုတယ်ကဏ္ဍက အစီရင်ခံစာ (၆၄)ခု၊ လျှပ်စစ်ကဏ္ဍက အစီရင်ခံစာ (၄)ခု၊ သတ္တုတူးဖော်ရေးကဏ္ဍက အစီရင်ခံစာ(၈)ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍက အစီရင်ခံစာ(၂)ခု၊ စိုက်ပျိုးရေးကဏ္ဍက အစီရင်ခံစာ(၁)ခု၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍက အစီရင်ခံစာ (၁)ခု စုစုပေါင်း အစီရင်ခံစာတင်ပြမှု (၁၃၂)ခု တင်ပြထားပါတယ်"ဟု ပြောသည်။

အစောပိုင်းကာလများကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ စတင်ဖွဲ့စည်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအမှတ် (၁၀/၈၈) နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအမှတ် (၄/၉၄)တို့ဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုဆောင်ရွက်ပေးခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော ဥပဒေ မူဘောင်၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်များကြောင့် နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အမည်ခံစနစ်ဖြင့်သာ ဆောင်ရွက်မှုများရှိနေသည်ကို စိစစ်တွေ့ရှိခဲ့ရသည်။

သို့ဖြစ်၍ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အမိန့်အမှတ် (၁/၂၀၁၂)ဖြင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်ခဲ့ခြင်းနှင့် အချို့မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ချဲ့ထွင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသို့ ၂၀၁၂ ခုနှစ် မေလမှစ၍ ပြောင်းလဲဆောင်ရွက်လာကြရာ စုစုပေါင်း လုပ်ငန်း (၅၇)ခုထိ ရှိခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ခွင့်ပြုမှုတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ တစ်ဖက်တွင်လည်း ၎င်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ထွက်ရှိသော ကုန်ပစ္စည်းများအား ပြည်ပတင်ပို့မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို သုံးသပ်တွေ့ရှိရကြောင်း ကော်မရှင်အတွင်းရေးမှူးက ဆိုသည်။

ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ပို့ကုန်အဓိကတင်ပို့သည့် ပင်လယ်ရေကြောင်းကုန်သွယ်မှု စုစုပေါင်းတင်ပို့မှုတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော နိုင်ငံခြား/မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပို့သော ပို့ကုန်ပစ္စည်းတန်ဖိုးပါဝင်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်-

(တန်ဖိုး - အမေရိကန်ဒေါ်လာသန်း)

စဉ်	ဘဏ္ဍာနှစ်	စုစုပေါင်းပို့ကုန်တင်ပို့မှုတန်ဖိုး	MIC ခွင့်ပြုမိန့်ရ လုပ်ငန်းများမှ ပို့ကုန်တင်ပို့မှုတန်ဖိုး	ပို့ကုန်တင်ပို့မှုတွင် ပါဝင်မှု ရာခိုင်နှုန်း
(က)	၂၀၁၀-၁၂	၇၁၀၇	၃၉၁၂	၅၅ ဒသမ ၀၅
(ခ)	၂၀၁၂-၁၃	၆၈၄၃	၄၁၀၄	၅၉ ဒသမ ၉၈
(ဂ)	၂၀၁၃-၁၄	၈၄၄၂	၅၂၉၇	၆၂ ဒသမ ၇၅
(ဃ)	၂၀၁၄-၁၅	၈၂၃၀	၄၈၀၇	၅၈ ဒသမ ၄၂
(င)	၂၀၁၅-၁၆ ဒီဇင်ဘာလထိ	၄၇၂၇	၂၇၀၅	၅၇ ဒသမ ၂၃

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပို့ကုန်တင်ပို့လျက်ရှိသော အမျိုးအစားများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ကုန်၊ သတ္တုတွင်းထွက်ထုတ်ကုန်၊ စက်မှုလုပ်ငန်းထုတ်ကုန် (CMP အထည်ချုပ်ပစ္စည်း၊ ဆေးရုံသုံးကိရိယာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အခြားစက်မှုထုတ်ကုန်များ)၊ သစ်အခြေခံထုတ်ကုန်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းထုတ်ကုန်တို့ ဖြစ်သည်။

ကော်မရှင်အတွင်းရေးမှူးက "ရင်းနှီးမြှုပ်နှံမှုတွေ အခုလိုဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်တွင်းလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမယ်။ နည်းပညာဖွံ့ဖြိုးမှုကနေတစ်ဆင့် ထုတ်ကုန်သစ်တွေ ပိုမိုထုတ်လုပ်နိုင်ပြီး ပို့ကုန်တင်ပို့မှုလည်း ပိုမိုတိုးတက်လာမှာဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့များစွာဖြစ်မှာ ဖြစ်ပါတယ်" အားရပမ်းသာပြောကြားနေပုံကို ငေးမောကြည့်ရင်း မိမိသည်လည်း လွန်ခဲ့သော ငါးနှစ်တာကာလ၏ အခြေခံအုတ်မြစ်ကောင်းများ ချပေးနိုင်ခဲ့သည့် သမိုင်းကြောင်းကို မှတ်တမ်းပြုတင်ပြမည့်သူတစ်ဦးအနေဖြင့် အလားတူ ရွှင်လန်းအားရ ကျေနပ်နေမိပါတော့သည်။

✱ စက်မှုဇုန်ထွက်မှ

မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံသည် စက်မှုဇုန်မှထွက်ရှိသည့် ရေဆိုးများကို စက်ရုံတွင် စုပေါင်းလက်ခံပြီး သတ်မှတ်သည့်ရေဆိုးပြင်းအားနှင့် ကန့်သတ်ချက်ကျော်လွန်သည်များအား သန့်စင်၍ရေဆိုးပြင်းအားနှုန်း 20mg အထိလျှော့ချကာ ဒုဋ္ဌဝတီမြစ်ကြမ်းပြင်အတွင်း စွန့်ပစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် မတ် ၁၇

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံယမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အရိယာလင်္ကာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမျှားအဖြစ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမျှားဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံယမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်ဆရာတော်များက ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ အစီရင်ခံစာ၊ သာသနာရေးရာဆောင်ရွက်ချက်များနှင့် ပညာရေးဆောင်ရွက်ချက်များကို ကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ရွေးချယ်တင်မြှောက်ရေးအတွက် နိုင်ငံတော်သံယမဟာနာယကအဖွဲ့၏ အစားထိုးရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမိန့်ကိုဖတ်ကြား၍ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော်က အဖွင့်သြဝါဒကထာမြွက်ကြားတော်မူသည်။ ယင်းနောက် ကြီးကြပ်ရေးအဖွဲ့အကျိုးတော်ဆောင် ဆရာတော်က သံယာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအခန်း(၁၁) အပိုဒ်(၈၉) နှင့် လုပ်ထုံးလုပ်နည်းအခန်း(၄) အပိုဒ်(၇၅)တို့ကို ဖတ်ကြားလျှောက်ထားကာ ယင်းလုပ်ထုံးလုပ်နည်းအပိုဒ်(၇၃)အရ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အကျိုးတော်ဆောင်ဆရာတော် ဘွဲ့အမည်စာရင်းတင်သွင်းလျှောက်ထားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော်က သံယာ့ဆန္ဒရယူအတည်ပြုခြင်း၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် နေရာ ရွေးချယ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသအား အကျိုးတော်ဆောင်ချုပ်အဖြစ် ရွေးချယ်အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက နိဂုံးချုပ်သြဝါဒကထာမြွက်ကြားခြင်း၊ နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဆက်လက်ကျင်းပရန် အခမ်းအနားပြန်လည်လွှဲအပ်ခြင်းတို့ကို ဆောင်ရွက်တော်မူပြီး နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသော အလှူရှင်မှာ မိခင်ကြီးဒေါ်တင်ဝင်းရီအား အမှူးထား၍ ဦးသိန်းဌေး-သုဓမ္မသိရီ ဒေါ်မြသီတာ၊ သမီးအမရာနှင့် အိန္ဒြေမဒီဆွေတင်၊ သား လင်းမောင်မောင်၊ လင်းညီညီဆွေတင် မိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် Junction Center အနီး လူသတ်မှုနှင့် မုဒိမ်းမှုကျူးလွန်ခဲ့ကြသူများတွင် ပါဝင်သည့် ကလေးသူငယ်တရားခံအား ကလေးသူငယ်ဥပဒေပုဒ်မ ၄၆ နှင့်အညီ အမြင့်ဆုံးပြစ်ဒဏ် ချမှတ်

နေပြည်တော် မတ် ၁၇

နေပြည်တော် ဒကွိုဏာသီရိမြို့နယ် Junction Center နောက်ကျောဘက်တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက် ညက မိန်းကလေးတစ်ဦးနှင့် ၎င်း၏ ခင်ပွန်းတို့အား အဓမ္မခေါ်ဆောင်သွားပြီး မိန်းကလေးအား သားမယားပြုကျင့်ခြင်း၊ ခင်ပွန်းဖြစ်သူအား ရက်စက်စွာ သတ်ဖြတ်ခြင်းများကျူးလွန်ခဲ့ကြသူ လေးဦးအနက် အခင်းဖြစ်ပွားစဉ်က အသက် (၁၅)နှစ် မပြည့်သေးသည့် ကလေးသူငယ်တရားခံ မောင်မျိုး (ခ) မျိုးဇော်ဝင်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ဂ)အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် ကျခံရန် ဇမ္ဗူသီရိမြို့နယ် ကလေးသူငယ်တရားရုံးက ယနေ့တွင် စီရင်ချက်ချမှတ်ခဲ့သည်။

ထိုကဲ့သို့ ရာဇဝတ်မှုကျူးလွန်ခဲ့သော ကလေးသူငယ်များအပေါ် သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်လေ့မရှိခဲ့သော်လည်း ယခုကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် ပြစ်မှုကိုကျူးလွန်ခဲ့သည့် ကလေးသူငယ်တရားခံကိုမူ ကလေးသူငယ်ဥပဒေပုဒ်မ ၄၆ နှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနှင့်အတူ ရာဇဝတ်မှုကျူးလွန်ခဲ့ကြသည့် တရားခံ အောင်တင်မျိုး (ခ) အောင်ပိုင်၊ ကျော်မောင် (ခ) ဇော်ဇော်အောင်နှင့် ဇော်လေး (ခ)ဇော်မျိုးသူတို့အား ဒကွိုဏာခရိုင်တရားရုံးက မတ် ၁၅ ရက်တွင် သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေပြည်သာ အမှတ် (၅)ရပ်ကွက်တွင် မီးလောင်၊ နေအိမ်သုံးလုံး ဆုံးရှုံး

ရန်ကုန် မတ် ၁၇

ရွှေပြည်သာမြို့နယ် အမှတ် (၅)ရပ်ကွက် ဇီဇဝါလမ်း ၌ မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ပျဉ်ထောင်သွပ်မိုးနှစ်ထပ်နေအိမ်နှစ်လုံးနှင့် ပျဉ်ထောင်တစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ်များ အချိန်မီရောက်ရှိပြီး ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ စတင်လောင်ကျွမ်းသည့် ဇီဇဝါလမ်း အမှတ် ၈၆(ခ) ဦးအေးသိန်း၏ နေအိမ်နှင့် ၎င်း၏ လက်ဝဲဘက်နှစ်ထပ်အိမ်နှစ်လုံး ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် သုံးစီး၊ ကွပ်ကဲမှုယာဉ် သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၈၄ ဦး၊ အရန်တပ်ဖွဲ့ဝင် ၉၀ တို့အား မြို့နယ်ခရိုင်ဦးစီးမှူးများက ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း သိရသည်။

"ယတြာချေတဲ့ ဖယောင်းတိုင်မီးကနေတစ်ဆင့် လောင်တာလို့သိရပါတယ်။ အများသုံးသပ်တာကတော့ ဖယောင်းတိုင်မီး ထွန်းထားတယ်။ နေက အရမ်းပူတယ်။ ဖယောင်းတိုင်ကွေးပြီး အောက်ကိုကူးစက်လောင်တာ၊ အိမ်မှာ လူမရှိဘူး။ ဈေးရောင်းသွားနေကြတယ်။" ဟု မီးလောင်ရာနေအိမ်အနီးမှ ဒေသခံတစ်ဦးက သုံးသပ်ပြောဆိုသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေပြည်သာမြို့မ ရဲစခန်းမှ ဇီဇဝါလမ်းအမှတ် ၈၆(ခ) နေအိမ်ပိုင်ရှင်အား (ပ) ၂၈၈/၂၀၁၆ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရွှေမြင့်ဦး(ရွှေပြည်သာ)

ပြောက်ဦးမြို့ ဘုရားပေါ်ရပ်ကွက်၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

ပြောက်ဦး မတ် ၁၇

ရခိုင်ပြည်နယ် ပြောက်ဦးခရိုင် ပြောက်ဦးမြို့နယ် ဘုရားပေါ်ရပ်ကွက်တွင် မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က မီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းရာနေရာသို့ ပြောက်ဦးမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရပ်ကွက်သူ ရပ်ကွက်သားများရောက်ရှိပြီး ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် မီးညွှန့်ကျီးသွားခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် တဲအိမ်ငယ်သုံးလုံး ဆုံးရှုံးခဲ့ပြီး မိသားစုသုံးစုမှ မီးဘေးသင့်ပြည်သူ ကိုးဦးရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ရှင် ဒေါ်နှင်းအေးခိုင်အား မြို့နယ်ရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စစ်တွေမြို့ ပဟိုရ်အေးစေတီအကွေ့(၄)တွင် မီးလောင်မှုဖြစ်ပွား

စစ်တွေ မတ် ၁၇

စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် အိမ်အမှတ် (၀က-၁) ဝက်ဘာလမ်းနေ ဒေါ်ရွှေမြသိန်း အသက် (၇၂) နှစ် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်နေအိမ်တွင် မတ် ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်ရွှေမြသိန်း၏ နေအိမ်ရှိ လျှပ်စစ်ဝါယာမှ အပူလွန်ကဲ၍ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ ခရိုင်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ရှိပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယူ၍ မီးတွင်မပေါ်နှင့်

လမ်းသစ်(မော်တင်)လမ်းတွင် လမ်းတားကပ်တုံးများချထား၍ လမ်းလယ်သစ်ပင်အုတ်ခုံများ ပျက်စီးမှုနည်းလာနိုင်

ရန်ကုန် မတ် ၁၇

လမ်းမတော်မြို့နယ် လမ်းသစ်(မော်တင်)လမ်းအတွင်းရှိ လမ်းလယ်သစ်ပင်အုတ်ခုံများအကြား လမ်းတားကပ်တုံးများ စီတန်းချထားရာတွင် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းအတွင်း ဦးစွာပြုလုပ်ပေးခဲ့သည်။

မတ် ၁၅ ရက်တွင် အနော်ရထာလမ်းနှင့်ကမ်းနားလမ်းဟောင်း မဟာဗန္ဓုလ လမ်းဆုံအကြားတွင် အနော်ရထာလမ်းထိပ်မှစ၍ လမ်းတုံးများစတင်ချထားသည်ကို မြင်ရသည်။

လမ်းမတော်မြို့နယ်တွင် လမ်းဘေး တစ်ဖက်တစ်ချက်နှင့် လမ်းလယ်တို့တွင် သစ်ပင်များဖြင့်စိမ်းစိုနေသော လမ်းသစ်လမ်းလယ်တွင် သစ်ပင်အုတ်ခုံငယ်ပေါင်း ၃၄ ခုံရှိသည်။ အုတ်ခုံငယ်များအကြား ယာဉ်များ ဖြတ်သန်းသွားလာခြင်း၊ ယာဉ်ရပ်နားခြင်းများ နေ့စဉ် မြင်တွေ့ရသဖြင့် အနော်ရထာလမ်းနှင့် ကမ်းနားလမ်းဟောင်း မဟာဗန္ဓုလလမ်းဆုံအကြား လမ်းပိုင်းတွင် သစ်ပင်အုတ်ခုံ ၂၁ ခုံရှိသည့်အနက် မတ် ၁၅ ရက်တွင် အုတ်ခုံများ ပျက်စီးနေသော သစ်ပင်သုံးနေရာ၊ သစ်ပင်နှင့် အုတ်ခုံမြေကြီးပါ ပျောက်ကွယ်သည့် တစ်နေရာကို မြင်တွေ့ရသည်။

အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်လမ်းအတွင်း လမ်းသစ်လမ်း၏ ဗိုလ်ချုပ်လမ်းအဝင် အထွက်နေရာတွင် ယာဉ်တိုက်မှုများဖြစ်ပွားတတ်သည်။ ယင်းလမ်းပိုင်းတွင် အိမ်ရာနှင့် စာသင်ကျောင်းများသို့ ယာဉ်ဝင်နိုင်ရန် အုတ်ခုံများအကြား လေးနေရာတွင် လမ်းတုံးများချထားခြင်းမရှိဘဲ ထားရှိသည်ကို မြင်တွေ့ရသည်။

ယင်းသို့ လမ်းတုံးများချထားခြင်းကြောင့် လမ်းလယ်သစ်ပင်အုတ်ခုံများအကြား ယာဉ်ရပ်၍မရခြင်း၊ ယာဉ်များ အလွယ်တကူကွေ့မရခြင်းများရှိလာသည်။ ယင်းသို့ လမ်းလယ်အုတ်ခုံများအကြား လမ်းတားတုံးများ ချထားပြီးချိန်တွင် လမ်းလယ်ရှိ သစ်ပင်အုတ်ခုံငယ်များ ယခင်ထက် ထိခိုက်ပျက်စီးမှု လျော့ကျလာနိုင်သည်။ လမ်းသွား၊ လမ်းလာများ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်အတူ ရန်ကုန်မြို့တွင်း တစ်စတစ်စလျော့နည်းလာသော အရိပ်ရသစ်ပင်များဖြင့် စိမ်းစိုနေသည့် မြင်ကွင်းများ ပျောက်ကွယ်မသွားရေးတို့အတွက် ယင်းသို့လမ်းတုံးများ ချထားပေးခြင်းသည် အထောက်အကူဖြစ်စေသည်ဟု ယင်းနေရာတစ်လျှောက် နေ့စဉ်ဖြတ်သန်းသွားလာနေသာ ကျုံးကြီးမြောင်းအနီးနေထိုင်သူ အငြိမ်းစားဝန်ထမ်း ဦးအောင်မြင့်က ပြောသည်။

လမ်းသစ်လမ်းကဲ့သို့ တောင်-မြောက်လမ်းဖြစ်သော လမ်းမတော်လမ်း၏ အောက်နှင့်အလယ်ပိုင်းတွင် စျေးကြီးများရှိသဖြင့် ယာဉ်ပိတ်ဆို့မှုများနေရာ လမ်းလယ်တွင်လမ်းတားတုံးတန်းချရန် လိုအပ်မှုရှိ၊ မရှိကို သက်ဆိုင်ရာမှ ကြည့်ရှုစီစဉ်ဆုံးဖြတ်ပေးစေလိုသည်ဟု လမ်းမတော်မြို့နယ် ၇ ရပ်ကွက်နေ ဦးမောင်ကျော်က ဆိုသည်။

(မောင်စေအောင်)

ရေပြတ်လပ်သည့်ကျေးရွာများသို့ ရေလှူဒါန်း

ရေး မတ် ၁၇

မွန်ပြည်နယ် ရေးမြို့နယ် တူးမြောင်းကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာ၌ နွေရာသီကာလမှာ နေအိမ်ရေတွင်းများ ရေခန်းခြောက်ပြီး ရေရှားပါးလာသည်နှင့်အမျှ အိမ်သုံးသောက်သုံးရေများကို ရေသယ်ယာဉ်ဖြင့် မတ်လ ဒုတိယပတ်မှစတင်ကာ မတ်လကုန်အထိ နွေရာသီရေလိုအပ်သည့်ကာလ တစ်လျှောက်လုံး ဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

သောက်သုံးရေသယ်ကားမှ ရေဂါလန် ၁၀၀၀ ပါသော အိမ်သုံးသောက်သုံးရေများကို ရွှေပြည်သာကျေးရွာမှ အိမ်ခြေ ၂၀၀ ဝန်းကျင်ခန့်ကို တစ်နေ့တစ်ခေါက်နှုန်းဖြင့် ညနေပိုင်းတွင် သွားရောက်လှူဒါန်းပေးနေကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဗညားက ပြောသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီကာလ တစ်လျှောက်လုံးတွင် ရွှေပြည်သာကျေးရွာအပြင် အိမ်သုံးသောက်သုံးရေများ လိုအပ်သည့်ကျေးရွာများကိုလည်း သွားရောက်လှူဒါန်းနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်နေလျက်ရှိကြောင်း သိရသည်။

ထွန်ထွန် (ရေး)

ရေကျိုင်းပိ

ကိုရှေ့ငါး(ဓနုဖြူ)

မြန်မာလူမျိုးတို့၏ ထမင်းဝိုင်းတွင် ငါးပိ၊ ရေကျိုင်းပိ၊ ငံပြာရည်နှင့် အတို့အမြုပ်သည် ပါဝင်စမြဲဖြစ်သည်။ ရှေးယခင်မင်းများ လက်ထက်မှ ယခုကာလအထိ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေပြည်သူများ ကြိုက်နှစ်သက်စွာ စားသုံးသော မြန်မာ့ရိုးရာ စားသောက်ကုန်တစ်မျိုးလည်းဖြစ်သည်။ မြန်မာထမင်းပွဲတွင် ကြက်သား၊ ဝက်သား၊ ငါး၊ ဘဲစသော အသားဟင်းကောင်းများ ပါဝင်စေကာမူ ငါးပိရည်နှင့်တို့စရာပါမှသာ အရသာရှိသော ထမင်းစားဝိုင်းဖြစ်ပေမည်။ ရေကျိုင်းပိတွင် ပရိုတင်းဓာတ်နှင့် ဗီတာမင် 'ဒီ' ဓာတ်များစွာပါဝင်သည်။ ရေကျိုင်းပိသည် အိမ်တွင်စားသုံးရန်သာမက စီးပွားဖြစ် ထုတ်လုပ်နိုင်သော ရေထွက်ကုန်ပစ္စည်းဖြစ်သည်။

ရေကျိုင်းပိ ပြုလုပ်ပုံအဆင့်ဆင့်မှာ လတ်ဆတ်ကောင်းမွန်သော ငါးများကို ရွေးချယ်၍ ငါးအကြေးခွံ ချွတ်ခြင်း၊ ဗိုက်ဖောက်၊ အူထုတ်သန့်စင်ခြင်းများ ပြုလုပ်ရပါသည်။ ရရှိလာသောငါးများကို သန့်ရှင်းသောရေဖြင့်ဆေးကြောပြီး ပလတ်စတစ်ခြင်းများဖြင့် ရေစစ်ရပါမည်။ ရေစစ်ပြီးသော ငါးနှင့် ဆား (၁၀ရာခိုင်နှုန်း)ခန့်ကို သမအောင် ရောနယ်၍ စဉ်အိုး(သို့) ပလတ်စတစ်ပန်း(သို့) သစ်သားစည်တွင် အလေးတုံးဖိ၍ တစ်ရက်၊ နှစ်ရက်ခန့်ထားရပါမည်။ ဆားနယ်ပြီးငါးများကို တစ်ရက်မှ နှစ်ရက်ခန့် နေလှန်းပေးရပါသည်။ နေလှန်းပြီးနောက် ဆား (၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း)ခန့်ထပ်ထည့်ပြီး သစ်သားဖြင့်ပြုလုပ်ထားသော ငရုတ်ဆုံတွင် ကျည်ပွေ့ဖြင့် ထုထောင်းခြင်းပြုလုပ်ရသည်။ အချို့ထုတ်လုပ်သူများသည် ဆန်/ဆန်ကွဲကို ပျစ်ပျစ်ကျို (ထမနဲဖြစ်အောင်ကျို)၍ အအေးခံကာ ငါးနှင့်ရောသိပ်ကြသည်။ ရောသိပ်ရာတွင် ငါးတစ်ပိသာ၌ ထမနဲ(၂၅ရာခိုင်နှုန်း)ဖြင့် ရောကြသည်။ ထောင်းထားသောငါးများကို စဉ်အိုးတွင် လေလုံအောင်ဖိသိပ်၍ ဂုတ်စည်းထားရမည်။ ယင်မနားစေရန် သတိပြုရမည်။ ငါးပိအိုးပေါ်မှာ ဆား(၁ ရာခိုင်နှုန်း)ခန့် ခပ်ထူထူတစ်ထပ်ဖြူးပြီး ဝါးပိုးဖက်၊ တောင်စွန်ဖက်၊ ဌက်ပျောဖက်၊ အင်ဖက်များ ဖုံးအုပ်၍ ဝါးဖြင့် ဂုတ်နှိပ်ပေးရပါသည်။ အပေါ်မှ လောက်များမတက်စေရန် လောက်သေရွက် အနည်းငယ်ထည့်၍ အဖုံးဖုံးရပါမည်။ သုံးလကြာမှ ငါးလကြာ သိုလှောင်ထားရသည်။ ငါးပိနပ်လျှင် အနံ့သည်မွှေးကြိုင်နေပြီး အသားသည် ကြေမွနေရမည်။ ရေကျိုင်းပိ လုပ်သော ငါးအမျိုးအစားများမှ ငါးရံ့၊ ငါးပြေမ၊ ငါးဖယ်၊ ငါးစင်ရိုင်း၊ ငါးဖျင်းသလက်၊ ငါးစင်စပ်၊ ငါးသင်းအုံငါးများကို ပြုလုပ်ကြသည်။ ငါးအစိုတစ်ပိသာလျှင် ရေကျိုင်းပိ ၆၅ ကျပ်သားမှ ၇၅ ကျပ်သားခန့် ရရှိကြောင်း လေ့လာတွေ့ရှိရသည်။

ယခုအခါ ရေကျိုင်းပိအား နူးနပ်လွယ်အောင် ပုလဲဓာတ်မြေသြဇာများထည့်သည်ဟု သိရသည်။ ပုလဲဓာတ်မြေသြဇာသည် နိုက်ထရိုဂျင်ဓာတ်များ ပါဝင်သဖြင့် စားသုံးရန်မသင့်ဟုဆိုသော်လည်း ငါးနှင့်ဆားကိုနယ်၍ အပုပ်ခံပါက နိုက်ထရိုဂျင်ဓာတ်များ သဘာဝအရ ထွက်ရှိပါသည်။ ၎င်း နိုက်ထရိုဂျင်ဓာတ်သည် ငါးပိအား မီးဖြင့်ကျိုချက်ပါက အလိုလိုဓာတ်ပြယ်သွားသဖြင့် ငါးပိသည် စားသုံးရန်မသင့်သောဓာတ်များ မပါဝင်ကြောင်း သိရသည်။ *(ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန-Mobile Training ဆွေးနွေးချက်)*

လှေသဘင်ပွဲတွင် ရေကျိုင်းပိစားသော လှေသမားများက အောင်ပွဲရယူခဲ့သော သာဓကရှိသည်။ အင်္ဂလိပ်အစိုးရလက်ထက် ပဉ္စမမြောက် ဂျော့ဘုရင်တက်ပြီး (၂၅)နှစ်မြောက်သောအခါ ရန်ကုန်မြို့၌ လှေပြိုင်ပွဲ အကြီးအကျယ် ကျင်းပခဲ့သည်။ ချမ်းသာသော စက်သူဌေး၏ လှေသမားများက ရန်ကုန်မြို့ကန်တော်ကြီးတွင် ကြိုလေ့ကျင့်ကြသည်။ လှေသမားများကို အားရှိအောင် အာဟာရရှိသော ဒိန်ခဲ၊ နွားနို့၊ ကြက်၊ ဝက်၊ ဘဲသားဟင်းများ၊ ကိတ်မုန့်များကျွေးပြီး လေ့ကျင့်စေသည်။ စက်သူဌေးနှင့် ပြိုင်ဘက်ဖြစ်သော ပဲခူးနယ်မှ လယ်သမားများသည် လယ်ကွင်းထဲ၌ တဲအိမ်တစ်လုံးထိုး၍ ရေကျိုင်းပိ၊ ငါးဟင်း၊ လယ်ပတူ၊ အတို့အမြုပ်များဖြင့်စားပြီး တက်ရေးပြကာ လေ့ကျင့်ကြသည်။ လှေသဘင်ပွဲကြီးတွင် အစားကောင်းများစားရသော စက်သူဌေး၏ လှေအသင်းကို ရေကျိုင်းပိ၊ တို့စရာဖြင့် စားရသော လယ်သမားများက အောင်ပွဲခံအနိုင်ယူခဲ့ကြောင်း တွေ့ရသည်။ (ပဉ္စမမြောက် ဂျော့ဘုရင်၏ ငွေရတုသဘင် - လှေသဘင်ပွဲ)

ရေကျိုင်းပိကို မြေအိုးအသေးထဲတွင် နန္တင်းမှုန့်အနည်းငယ်ထည့်၍ ပထမဦးစွာ မီးပြင်းပြင်းနှင့် ကျိပေးရသည်။ ဆူပွက်လာလျှင်အဖုံးဖွင့်ပြီး မီးဖိုပေါ်တွင် မီးအေးအေးဖြင့် နှပ်ထားရမည်။ ထမင်းစားခါနီးလျှင် ငရုတ်သီးစိမ်းမီးကင်၊ ကြက်သွန်နီ/ကြက်သွန်ဖြူ မီးဖုတ်တို့ကို ငရုတ်ဆုံတွင်ထောင်းပြီး ခပ်ထားသော ရေကျိုင်းပိပန်းကန်ထဲသို့ ထည့်မွှေပေးပါက အရသာရှိပြီး မွှေးကြိုင်သော ငါးပိရည်ကို ရရှိပါမည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အညာဒေသ ကျေးလက်အိမ်များ၊ လယ်စောင့်တဲ၊ အင်းတဲ၊ ရေလုပ်သားအိမ်များတွင် မီးဖိုပေါ်၌ ရေကျိုင်းပိအိုးများ အမြဲမပြတ်ထားရှိသည်ကို တွေ့ရပါသည်။

ရေကျိုင်းပိကို စဉ်းတီတုံးပေါ်တွင် ဓားဖြင့်နုပ်နုပ်စဉ်းပြီး ငရုတ်ဆုံထဲတွင် အရိုးကြေသည်အထိထောင်းကာ ဆီပွက်ပွက် ဆူနေသော ဒယ်အိုးထဲတွင် ကြက်သွန်နီ/ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းတို့ဖြင့်ကြော်၍ တောင်သူလယ်သမားများ နံနက်စာ ထမင်းကြမ်းနှင့် စားသုံးခြင်းဖြင့် ထမင်းမြိန်စေပါသည်။ ပြည်ပနိုင်ငံရောက် မြန်မာလူမျိုးများသည် ငါးပိရည်ကိုလွမ်းလှသဖြင့် ငါးပိရည်ကျိုကိုမီးဖြင့်ကျို၍ အရိုးကြေသွားပါက အရိုးကိုဖယ်ထုတ်၍ ညောင်စေးကျအောင်ကျိုပြီး အအေးခံကာ ပလတ်စတစ်ဘူးများဖြင့် ထည့်၍ သယ်ယူသွားကြသည်။ ၎င်းငါးပိ ရေကျိုကိုရေနွေးနှင့်ဖျော်လိုက်ရုံဖြင့် အသင့်စားသုံးနိုင်သော ငါးပိရည်ကျိုတစ်ခွက်ဖြစ်လာပါသည်။

ရေကျိုင်းပိသည် ပရိုတင်းဓာတ်နှင့် ဗီတာမင်'ဒီ'ဓာတ်များပါရှိပြီး အရသာကောင်းမွန်ခြင်းတို့ကြောင့် မြန်မာလူမျိုးတို့၏ ထမင်းဝိုင်းတွင် မပါမဖြစ်သော အရံဟင်းတစ်ခွက် အဖြစ် စွဲမက်စွာ စားသုံးကြသည်။ ရေကျိုင်းပိ ပြုလုပ်ရာတွင် စွန့်ပစ်ရာမလိုဘဲ ငါးတစ်ကောင်လုံးကို အသုံးချနိုင်ခြင်း၊ တန်ဖိုးနည်းငါးများကို အသုံးပြုနိုင်ခြင်း၊ ပြုလုပ်ရာတွင် လွယ်ကူခြင်းတို့ကြောင့် ငါးပေါများသော ကျေးလက်ဒေသများ၏ မရှိမဖြစ်ထွက်ကုန်တစ်မျိုးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာထမင်းပွဲတွင် ကြက်သား၊ ဝက်သား၊ ငါး၊ ဘဲစသော အသားဟင်းကောင်းများ ပါဝင်စေကာမူ ငါးပိရည်နှင့် တို့စရာပါမှသာ အရသာရှိသော ထမင်းစားဝိုင်းဖြစ်...

အငှားအိမ်ရာတိုက်ခန်းမဲ့ပေါက်သူများအား ငွေပေးသွင်းစာချုပ်ချုပ်ဆိုမည် လက်ရှိနေထိုင်သည့်အဆောက်အအုံများ မိမိအစီအစဉ်ဖြင့်ဖယ်ရှားရန်အသိပေး

မန္တလေး မတ် ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကတည်ဆောက်ပြီးစီးသော အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ အငှားအိမ်ရာတိုက်ခန်းများအား ဧရာဝတီမြစ်အခြေပြုလုပ်သားမိသားစုများအား မတ် ၇ ရက်နှင့် စရက်တွင် ပွင့်လင်းမြင်သာစွာလျှောက်ထားသူကိုယ်တိုင် မဲစနစ်ဖြင့်နေရာချထားပေးခဲ့သည်။

တိုက်ခန်းငှားရမ်းခွင့်ရသူများသည် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း တိုက်ခန်းစတင်ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုပေးသွားမည်ဖြစ်သည်။ တိုက်ခန်းစာချုပ်ချုပ်ဆိုရန်လာရောက်သူများအနေဖြင့် တိုက်ခန်းမဲနှိုက်စဉ်က ထုတ်ပေးခဲ့သော တိုက်ခန်းငှားရမ်းခွင့်ပြုလက်မှတ် (အစိမ်းရောင်)စာရွက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများယူဆောင်၍ ကိုယ်တိုင်လာရောက်ရန်ဖြစ်သည်။ တိုက်ခန်းငှားစာချုပ်ချုပ်ဆိုပြီးသူများသည် မိမိတို့၏တိုက်ခန်းငှားရမ်းခများကို စာချုပ်ချုပ်ဆိုသည့်ရက်တွင် ပေးဆောင်ရမည်ဖြစ်ပြီး ငှားရမ်းခပေးသွင်းသည့်ရက်တွင် အငှားချထားခံရသည့် တိုက်ခန်းသော့ကို တစ်ပြိုင်တည်းပေးအပ်သွားမည်ဖြစ်သည်။

တိုက်ခန်းငှားရမ်းခွင့် ရရှိသူများအနေဖြင့် အငှားအိမ်ရာတိုက်ခန်းသို့ ပြောင်းရွှေ့နေထိုင်သည့်ရက်တွင် မိမိတို့လက်ရှိနေထိုင်နေသော ဧရာဝတီမြစ်ဘေး အဆောက်အအုံများကို မိမိတို့အစီအစဉ်ဖြင့် ဖယ်ရှားသွားရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။

သီဟကိုကို(မန္တလေး)

တိုးတက်လာသောစိုက်ပျိုးရေးနည်းပညာများကြောင့် ဝတ်မှုန်ကူးစေသောအင်းဆက်ပိုးကောင်များ ပျောက်ကွယ်လာ

မုံရွာ မတ် ၁၇

ခေတ်မီတိုးတက်လာသောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကြောင့် ဝတ်မှုန်ကူးစေသော အင်းဆက်ပိုးကောင်များသည် တဖြည်းဖြည်းပျောက်ကွယ်လာနေကြောင်း ပျားမွေးမြူရေးလုပ်ကိုင်နေသူတဦးထံမှ သိရသည်။

လက်မှုလယ်ယာက စက်မှုလယ်ယာကို ပြောင်းလဲလာတာကြောင့် စိုက်ကွင်းတွေ ဥယျာဉ်တွေတိုးလာတာနဲ့အတူ ကန်သင်းရိုးမြေလွတ်မြေရိုင်းတွေမှာ အသိုက်အအုံဆောက်လုပ်နေကြတဲ့ အင်းဆက်ပိုးကောင်များရဲ့ အသိုက်အအုံတွေ ပျက်ကုန်စေပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးတွေကို တွင်တွင်ကျယ်ကျယ်သုံးလာတာကြောင့် အင်းဆက်ပိုးကောင်တွေ အစုလိုက်အပြုံလိုက်ပျက်စီးကုန်သလို ချုံနွယ်ပေါင်းပင်တွေသေစေဖို့ဆေးတွေ တွင်တွင်ကျယ်ကျယ်အသုံးပြုတာတွေကြောင့်လည်း အင်းဆက်ပိုးကောင်တွေစားသုံးဖို့ အစာရှားပါးလာတာဖြစ်ပါတယ်”ဟု ပျားမွေးမြူသူက ပြောပြသည်။

သီးနှံတစ်မျိုးတည်း ကျယ်ပြန့်စွာစိုက်ပျိုးခြင်းဖြင့် ပန်းပွင့်ချိန်တွင် အစာအလျှံအပယ်ရရှိနိုင်သော်လည်း ပန်းပွင့်ချိန်ကုန်ဆုံးသွားသောအခါ အခြားပန်းများချက်ချက်မရသောကြောင့် အင်းဆက်များ အစာရှားပါးမှုဒါဏ်ခံရ ကာသေဆုံးကုန်သလိုခေတ်မီပျားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပျားအုံများကိုစနစ်တကျ စစ်ဆေးကြည့်ရှုခြင်း၊ တစ်နေရာမှတစ်နေရာသို့ရွှေ့ပြောင်းနိုင်ခြင်းတို့ကြောင့် အင်းဆက်ပိုးကောင်များ ရှားပါးပြီး ဝတ်မှုန်ကူးရန်လိုအပ်သော စိုက်ခင်းများသို့ ပျားအုံများရွှေ့ပြောင်းချထားပေးခြင်းဖြင့် ဝတ်မှုန်ကူးရန်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

စိုက်ခင်းတစ်ခုသို့ဝတ်မှုန်ကူးရန် ပျားအုံများချထားရာတွင် စိုက်ခင်းတွင်ရှိရမည့် ပျားများက ဝတ်မှုန်ကူးရန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိကို သိရန်လိုသလို စိုက်ခင်း၏အကျယ်အဝန်းစိုက်ခင်းအတွင်းပန်းပွင့်မှုအခြေအနေ အပင်မှဝတ်ရည်နှင့်ဝတ်မှုန် ရရှိနိုင်မှုအခြေအနေ၊ စိုက်ခင်းအတွင်းရှိ အခြားအင်းဆက်ပိုးကောင်များ၏အခြေအနေနှင့် ပျားအုံများရွှေ့ပြောင်းချထားရာတွင် ကုန်ကျမည့်စရိတ်နှင့် သီးနှံများအထွက်တိုး၍ ရရှိမည့်အကျိုးအမြတ်ကာမိမှ ရှိ၊ မရှိကို သိရှိတွက်ချက်ထားရန် လိုအပ်သလို စိုက်ခင်းရှိရာ ရာသီဥတုအခြေအနေကိုသိရှိရန်မှာ အရေးကြီးကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မုံရွာနှင့်ရွှေဘိုတွင် ပြည်သူ့အငှားအိမ်ရာများကို တစ်ခန်းလျှင် ကျပ် ၁၅၀၀၀ (သို့)၂၀၀၀ ဖြင့် ငှားနိုင်ရန်စီစဉ်

မုံရွာ မတ် ၁၇

ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ရွှေဘိုမြို့တို့တွင် ဆောက်လုပ်လျက်ရှိရာ ငှားရမ်းခနှုန်းထားကို ကျပ် ၁၅၀၀၀ (သို့) ၂၀၀၀၀နှုန်းဖြင့် ငှားရမ်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးရွှေဝင်းထံမှ သိရသည်။

“ငှားရမ်းပေးမယ့်စနစ်ကတော့ လျှောက်လွှာပုံစံတွေကို ရပ်ကွက်၊ မြို့နယ်နဲ့ ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွေ အထိဖြန့်ဝေပေးသွားပါမယ်။ လျှောက်လွှာပုံစံတွေကို သတ်မှတ်ပုံစံမှာ ရေးသွင်းပြီးတော့ မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို လျှောက်ထားရမှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ မဲနှိုက်ရွေးချယ်စိစစ်ငှားရမ်းသွားမှာဖြစ်ပါတယ်” ဟု ဦးရွှေဝင်းက ပြောသည်။

အိမ်မဲ့ဝင်းမဲ့အခြေခံလူတန်းစားများ၊ အလယ်အလတ်လူတန်းစားများ၊ တိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သည့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားများ ဝန်ထမ်းများကိုငှားရမ်းပေးမည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မုံရွာမြို့ မြို့သစ်ရပ်ကွက်တွင် နှစ်လုံး၊ ရွှေဘိုမြို့ မင်းကျောင်းကျေးရွာအုပ်စုတွင် နှစ်လုံးတည်ဆောက်လျက်ရှိကြောင်း သိရသည်။ တည်ဆောက်နေသော ပြည်သူ့အငှားအိမ်ရာများသည် အခန်းအကျယ် ၃၂၄ စတုရန်းပေရှိ အိမ်ခန်းပေါင်း ၆၀ ပါ RC ၁၂ခန်းတွဲ ငါးထပ်လေးလုံး အိမ်ခန်းပေါင်း၂၄၀ ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ချောင်းဆုံမြို့နယ် သက္ကောကျေးရွာတွင် တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် ဆေးဝါးအခမဲ့ပေးခြင်းများဆောင်ရွက်

ချောင်းဆုံ မတ် ၁၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သက္ကောကျေးရွာ အထက်တန်းကျောင်း(ခွဲ)တွင် မတ် ၁၆ ရက်က ပြည်နယ် တီဘီတိုက်ဖျက်ရေးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ ကျေးရွာနေပြည်သူများအား တီဘီရောဂါရှာဖွေကုသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာသူများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြံပေးအရာရှိ ဒေါက်တာသိန်းမြင့်က တီဘီရောဂါအကြောင်း သိကောင်းစရာများ၊ မြို့နယ်ကျန်းမာရေးမှူးဦးမြင့်ဝင်းက အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။ ယင်းနောက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မုခနီးကျေးရွာ၊ ပိုင်ကဒါးကျေးရွာ၊ ကွမ်လမိုင်းကျေးရွာ၊ သက္ကောကျေးရွာတို့မှ ကျေးရွာနေပြည်သူများအား တီဘီရောဂါစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ကူးပေးခြင်းနှင့် ဆေးဝါးများအား အခမဲ့ပေးခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။ ဆေးကုသမှုကို မတ် ၁၈ ရက်အထိ နီးမုတ်ကျေးရွာနှင့် ကမာမိုကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကောလင်း မတ် ၁၇

ကွမ်းနှင့်ကွမ်းသီးစျေး အနည်းငယ်ကျဆင်းလာ၍ ရောင်းချသူများနှင့် စားသုံးသူများအဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ကွမ်းစျေးကွက်အတွင်း ကွမ်းနှင့် ကွမ်းသီးများစျေးနှုန်းမြင့်တက်နေခဲ့ရာမှ မတ်လပထမပတ်မှစတင်ကာ စျေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းလာသဖြင့် ကွမ်းရောင်းချသူများနှင့် ကွမ်းစားသုံးသူများအဆင်ပြေလာကြောင်း ကွမ်းနှင့်ကွမ်းသီး အရောင်းဆိုင်များမှ သိရသည်။

“အဓိက ရာသီဥတုဖောက်ပြန်တာ အကြောင်းပြပြီး ကွမ်းပွဲစားတွေကို ဒိုင်တွေကည့်နှိုင်းပြီး စျေးကိုထိန်းထားတာများတယ်။ အခုကွမ်းရွက်စျေးက ကျသွားပါပြီ။ ကျန်တဲ့ကွမ်းယာပစ္စည်းတွေကတော့ စျေးငြိမ်နေပါတယ်။ ကွမ်းရွက်တွေစျေးတက်တော့ ရောင်းသူမကိုက်သလို စားသုံးသူလည်းနစ်နာပါတယ်”ဟု ကွမ်းယာရောင်းချသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာဒေသမှထွက်သည့် ကွမ်းစျေးသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှစတင်ကာ တစ်ပိဿာလျှင် ၁၃၀၀၀ ထိ စျေးမြင့်တက်ခဲ့ပြီး ကန့်ဘလူဒေသထွက်ကွမ်းစျေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀မှ ငွေကျပ် ၁၄၀၀၀ နှင့် ကွမ်းသီးအသန့်စျေးမှာ တစ်ပိဿာငွေကျပ် ၇၅၀၀ မှ ၈၅၀၀ ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

စိုင်းလူမင်း(မိဒီယာဂရု)

ပလိပ်အင်းအတွင်းရှိ လယ်စိုက်တောင်သူများ လယ်ယာလုပ်သားရှားပါး၍ စိုက်ပျိုးစရိတ်ကြီးမြင့်

စဉ့်ကိုင် မတ် ၁၇

စဉ့်ကိုင်မြို့နယ် ပလိပ်အင်းအတွင်းရှိ လယ်စိုက်တောင်သူများသည် ယခုနှစ် နွေစပါးစိုက်ချိန်တွင် လယ်ယာလုပ်သားရှားပါး၍ စိုက်ပျိုးစရိတ်ကြီးမြင့်လျက်ရှိကြောင်း သိရသည်။

“အရင်က ပျိုးနုတ်၊ ကောက်စိုက်လိုက်နေကြတဲ့သူတွေက စက်ရုံ၊ အလုပ်ရုံတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဝင်လုပ်နေကြတယ်။ ဒါကြောင့် လယ်ယာလုပ်သားရှားပါးသွားတာပါ။ ဒီနှစ် နွေစပါးစိုက်ချိန်မှာ ပျိုးနုတ်၊ ကောက်စိုက်လိုက်မယ့်သူ မရှိသလောက် ရှားသွားပါပြီ။ မနှစ်က အလုပ်သမားတစ်ဦးကို ငွေကျပ် ၂၅၀၀ ပေးဌားတာတောင် လိုက်မယ့်သူမရှိဘူး။ လယ်တစ်ဧကကို ပေါင်းနုတ်မယ်ဆိုရင် အလုပ်သမား ၁၂ ယောက်လောက်ဌားရပါတယ်” ဟု တောင်သူတစ်ဦးက ပြောသည်။

ပလိပ်အင်းတွင် ရေကျချိန် ပြာသို၊ တပို့တွဲလမှစ၍ တန်ခူးလအထိ မိုးကြိုခေါ် နွေစပါးကို စိုက်ပျိုးကြသည်။ မနောသုခနှင့်ရွှေသွယ်ရင်စပါးကို အများဆုံးစိုက်ပျိုးကြပြီး လျှပ်စစ်မြစ်ရေတင်စခန်းသုံးခု ရှိကြောင်း သိရသည်။ ယခင်နှစ်က နွားတစ်ရှည်းကို ငွေကျပ် ၅၀၀၀ ပေးရသော်လည်း ယခုနှစ်တွင် နွားတစ်ရှည်းကို ငွေကျပ် ၇၀၀၀ ပေးရကြောင်း၊ တစ်ဧကကို နွားရှည်းလေးရှည်းမှ ခြောက်ရှည်းအထိ ဌားရသည့်အတွက် ယခုနှစ်နွေစပါးစိုက်ချိန်တွင် တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ပို၍ ကုန်ကျလျက်ရှိကြောင်း သိရသည်။

နန်းမျိုးဝင်း(မြစ်ငယ်)

အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်သစ်တွင် ဟယ်ရီစင်ဖော့ဒ်ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်ရဲ့ လူကြိုက်အလွန်များခဲ့တဲ့ စွန့်စားခန်းရုပ်ရှင်တွေဖြစ်တဲ့ မင်းသားကြီး ဟယ်ရီစင်ဖော့ဒ် ခေါင်းဆောင်ပါဝင်တဲ့ အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်သစ်ကို လာမယ့် ၂၀၁၉ ခုနှစ်မှာ ရိုက်ကူးထုတ်လုပ်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်မှာလည်း မင်းသားဟယ်ရီစင်ဖော့ဒ်အနေနဲ့ ပါဝင် သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၅ရက် (အင်္ဂါနေ့)က ဝေါ့ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက "Indiana Jones" ရုပ်ရှင်တွေရဲ့ ပဉ္စမမြောက်ရုပ်ရှင်သစ်ကို လာမယ့် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ကာ အဆိုပါရုပ်ရှင်မှာ မင်းသားဟယ်ရီစင်ဖော့ဒ်ဟာ ယခင်ရုပ်ရှင်တွေမှာကဲ့သို့ စွန့်စားရတာကို နှစ်သက်တဲ့ ပါမောက္ခတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၅ရက်ကတော့ ရိုက်ကူးထုတ်လုပ်ခဲ့ပြီး ဒုတိယမြောက်ရုပ်ရှင် " Indiana Jones and the Temple of Doom"ကိုတော့ ၁၉၈၄ ခုနှစ်မှာ ရုံတင်ပြသခဲ့ပါတယ်။ တတိယမြောက်ရုပ်ရှင် " Indiana Jones and the Last Crusade"ကို ၁၉၈၉ ခုနှစ်က ထုတ်လွှင့်ပြသခဲ့ပြီး ၂၀၀၈ ခုနှစ်က နောက်ဆုံးရုပ်ရှင်ဖြစ်တဲ့ စတုတ္ထမြောက်ရုပ်ရှင် " Indiana Jones and the Kingdom of the Crystal Skull"ကို ရုံတင်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်တွေကို ကမ္ဘာတစ်ဝန်း ရုံတင်ပြသခဲ့ရာ လက်မှတ်ရောင်းရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့် ရရှိခဲ့ပါတယ်။

ယခင်နှစ်တွေအတွင်းက ပဉ္စမမြောက်ရုပ်ရှင်ကို ရိုက်ကူးဖို့ရာမှာ မင်းသားဟယ်ရီစင်ဖော့ဒ်နေရာမှာ အခြားသော ဟောလိဝုဒ်ကြယ်ပွင့်တွေ ဖြစ်ကြတဲ့ ဘရက်ဒ်လေကူးပါး၊ ရောဘတ်ပတ်တီဆန်တို့နဲ့ အစားထိုးရိုက်ကူးသွားမယ်ဆိုတဲ့သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ အကြောင်းကတော့ မင်းသားဟယ်ရီစင်ဖော့ဒ်ဟာ အသက်အရွယ် ရနေပြီဖြစ်ကာ အဆိုပါ ရုပ်ရှင်ကို ရုံတင်ပြသမယ့် အချိန်မှာ သူ့ရဲ့အသက်ဟာ (၇၆)နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါရုပ်ရှင်ကို ထုတ်လုပ်မယ့် ဝေါ့ဒစ်စနေရုပ်ရှင်ရေးက ငါးကားမြောက် " Indiana Jones "ရုပ်ရှင်မှာ မင်းသားဟယ်ရီစင်ဖော့ဒ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ယခုလိုတရားဝင် ထုတ်ဖော်ပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်။

ဂျပန်နိုင်ငံသို့ ဝမ်နှစ်ဘီလီယံနဲ့ ရောင်းချခဲ့တဲ့ " Descendants of the Sun"

လတ်တလောတောင်ကိုရီးယားမှာ လူကြိုက်အများဆုံးရုပ်ရှင်အဖြစ် စံချိန်တင်ခဲ့ပြီး တရုတ်နိုင်ငံ၌ပါ အအောင်မြင်ဆုံးသော တောင်ကိုရီးယားရုပ်ရှင်ဖြစ်နေတဲ့ "Descendants of the Sun"ဒရမ်မာရုပ်ရှင်ကို ဂျပန်နိုင်ငံသို့ တောင်ကိုရီးယားဝမ် နှစ်ဘီလီယံခန့်နဲ့ စာချုပ်ချုပ်ဆို ရောင်းချခဲ့ကြောင်း



ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၄ ရက်က တောင်ကိုရီးယားမီဒီယာတစ်ခုက အဆိုပါရုပ်ရှင်ရဲ့ ဇာတ်လမ်းအပိုင်းတစ်ခုဆီကို ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာတစ်သိန်းနဲ့ ရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့ပြီး ယင်းရုပ်ရှင်မှာ အပိုင်းပေါင်း ၁၆ ပိုင်း ပါဝင်ကြောင်း သိရပါတယ်။

ယခင်က ဂျပန်နိုင်ငံကိုရောင်းချခဲ့တဲ့ တောင်ကိုရီးယားရုပ်ရှင်တွေမှာ ရုပ်ရှင်ရဲ့အပိုင်းတစ်ပိုင်းကို ဒေါ်လာနှစ်သိန်းနဲ့ ရောင်းချခဲ့တာဖြစ်လို့ ယခုရုပ်ရှင်ဟာ ယခင်ရောင်းချခဲ့တဲ့ဈေးနှုန်းထက် ထက်ဝက်ခန့်လျှော့ကာ ရောင်းချခဲ့တာဖြစ်ပါတယ်။ တောင်ကိုရီးယားရုပ်ရှင်တွေဟာ တစ်ပိုင်းကို ဒေါ်လာနှစ်သိန်းပေးရလောက်အောင် မထိုက်တန်ဖူးလို့ ဝေဖန်သံတွေ ပေါ်ထွက်ခဲ့ပြီးတဲ့နောက် ယခုလို ဈေးနှုန်းလျှော့ကာ ရောင်းချခဲ့ရတာဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။

ဒါပေမယ့် ယခုရောင်းချခဲ့တဲ့ ဒရမ်မာရုပ်ရှင်သစ် " Descendants of the Sun" ဟာ ပြီးပြည့်စုံကောင်းမွန်တဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့အပြင် လတ်တလော ဂျပန်နိုင်ငံမှာ အောင်မြင်နေတဲ့ တောင်ကိုရီးယားထိပ်တန်းမင်းသား ဂျန်ဂန်စွတ်ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် "Jackpot" တို့ကြောင့် တောင်ကိုရီးယားဇာတ်လမ်းတွဲ ရုပ်ရှင်တွေအပေါ် ဂျပန်ပရိသတ်တွေရဲ့ အမြင်တွေပြောင်းလဲတိုးတက်လာမယ်လို့ မျှော်လင့်ရကြောင်းလည်း ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ကြေးမုံ ရုပ်ရှင်အညွှန်း

လူးရတနာသိုက်ဇာတ်ကား ရုံတင်ပြ

ယခုတစ်ပတ်တွင် မြန်မာဇာတ်ကားကြိုက်နှစ်သက်သူ ပရိသတ်ကြီးအတွက်ကိုလိုနီခေတ်ကာလက လူးလူမျိုးစုတစ်စုနှင့် ဒဏ္ဍာရီအချစ်ဇာတ်လမ်းတစ်ပုဒ်အကြောင်းကို ဖော်ကျူးထားသည့် ဒါရိုက်တာကိုဇော(အရုဏ်ဦး)၏ လက်ရာ "လူးရတနာသိုက်"အမည်ရှိဇာတ်ကားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီဇာတ်ကားဟာ ကိုလိုနီခေတ်ကာလမှာ မြန်မာနိုင်ငံအလယ်ပိုင်းက သစ်ထုတ်လုပ်ရေး တောစခန်းတစ်ခုမှာ ပျော်ရွှင်စွာနေထိုင်ကြတဲ့ မိသားစုလေးတစ်စုနဲ့ အစပျိုးထားပြီး မြန်မာ့သမိုင်းခေတ်ဦး ပျူလူမျိုးနွယ်စုတို့ မြို့ပျက်၍ရှောင်တိမ်းသွားကြသည်။ ဘီလူးတောင်ကြော လူသူမနီးနေရာတွင် မြို့ရွာတည်၍နေကြရာမှ လူရိုင်းသဖွယ်ဖြစ်နေခဲ့ကြသူ လူးလူမျိုးစုအကြောင်းကိုလည်း လေ့လာနိုင်မှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားမှာ ကျော်ရဲအောင်၊ နေမင်း၊ ကောင်းပြည့်၊ သားညီ၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ဆောင်းအိန္ဒြေထွန်းတို့က ခေါင်းဆောင်ပြီး ဖူးဖူး၊ အောင်ခိုင်၊ ဝါဝါအောင်၊ ကိုပေါက်၊ ဖူးပွင့်သခင်နှင့် သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားကြပါတယ်။

လူးရတနာသိုက်ဇာတ်ကားကို သမ္မတ၊ မင်္ဂလာ(၁)သိမ်ကြီးစျေး၊ မင်္ဂလာစံပြ၊ တော့ရွိုင်ရယ်၊ ဝင်းလိုက်၊ မြို့မရုံနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ မတ် ၁၈ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီတစ်ပတ်မှာ နိုင်ငံခြားအက်ရှင်ဇာတ်ကားကောင်းတွေကိုမှ နှစ်သက်သူပရိသတ်တွေတွက် ရင်သပ်ရှုမောဖွယ်ရာ စွန့်စားခန်းများပါဝင်သည့် Kung Fu Panda 3 အန်နီမေးရှင်းဇာတ်ကားရုံတင်မှာဖြစ်တယ်လို့ မိတ်ဆက်တင်ပြသတင်းကောင်းပါးလိုက်ရပါတယ်။

ဖြိုးစန္ဒာမြင့်

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၃ -၂၀၁၆ (သောကြာနေ့)]

မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	ပြည်သူ့တို့ရဲ့စကားသံများ
၈း၃၅	မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၅	အနုပညာသတင်းအစီအစဉ်
၁၀း၃၅	မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
၁၁း၁၅	Weekly Sport Info
၁၁း၃၅	သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၁၂း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၄)
၁း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မြစ်မိုးရောင်သံစဉ်" (အပိုင်း-၂၄)
၂း၂၀	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
၂း၅၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၃း၃၅	ဥကၾကီးရည်ချင်းပြိုင်ဘယ်သူနိုင်
၄း၃၅	"အဓိပ္ပာယ်ရှိသောလက်ကလေးများ"
၄း၃၅	Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၅း၁၅	Catch Asia News
၅း၃၅	Hyper Sport
၆း၃၅	The Farmer
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "မြစ်မိုးရောင်သံစဉ်" (အပိုင်း-၂၅)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅	"ဝတ်မှုနိုကူးတဲ့ပျား"
၉း၀၀	ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၅) -ချစ်သောဤကမ္ဘာမြေ -သမိုင်းကိုဖော်ပြသောဝါကျများ (ရုပ်သေးပညာရှင်ဦးပန်းအေးနှင့် တွေ့ဆုံခြင်း)

မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀	အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၃၀	ပြည်သူနီကို "အိပ်မက်ဆိုးမှ နိုးလက်သော်"
၆း၅၀	တေးဂီတအစီအစဉ်
၇း၀၀	ကိုရီးယားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပဏ္ဍာ" (အပိုင်း-၄)
၇း၄၀	ကိုရီးယားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၄)
၇း၀၀	Live "OneChampionship"
	လက်ဝှေ့ပွဲ
၈း၃၀	ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XIV)"
၈း၅၀	နိုင်ငံတကာရုပ်ရှင်သီချင်း
၉း၃၀	ပခန်းနတ်ပွဲ (အပိုင်း-၃)
၉း၃၀	တေးဂီတအစီအစဉ်
၉း၄၀	English Premier League Review (အပိုင်း-၃)
၁၀း၀၀	မြန်မာ့ဒီဒီယိုဇာတ်လမ်း "ချည်နှောင်တဲ့ကြိုး"
၁၂း၀၀	အစီအစဉ်ပြီး၏

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ အာဌာနာဠိယသုတ်
၅း၄၀	"ပဌိစ္စသမุป္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း" တရားတော် (အပိုင်း-၃) [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၄)
၁၁း၂၀	Food & Decor
၁၁း၅၀	MRTV-4 Stage
၁၂း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၆)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၄၃)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅)
၃း၄၅	ရန်ကုန်မြင်ကွင်းကျယ်
	(MCC Traingin Institude Graduation Ceremony)
၄း၀၅	Cartoon Series (Welcome To Sky Ville)
၄း၄၀	GS \ PMA Post Grad Diploma Course
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆)
၇း၂၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၄၄)
၈း၂၀	ရသစုံညွှန်းတမ်းများ
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၅)
၉း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၇)
၁၀း၂၀	MRTV-4 Stage
၁၀း၃၅	World of Knowledge (Locked up Abroad Heroin Sting)

မြဝတီ

၆း၀၃	တရားတော်
၆း၂၀	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၆း၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅	မျိုးချစ်တပ်မတော်
၆း၅၀	မှတ်တမ်း
၆း၅၅	မြန်မာသံစဉ်ချိန်းဝင်
၇း၂၀	အမျိုးသားရေးတေးကဗျာ
၈း၀၄	အမျိုးသားရေးတေးကဗျာ
၈း၁၀	ရှေးဟောင်းသုတ
၈း၂၅	DVD Hits
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၄၅	မြဝတီနေ့စဉ်သတင်း
၈း၅၅	လျှပ်တစ်ပြက်
၉း၂၅	ချစ်သူစုံတွဲတူယှဉ်ခွဲ
၉း၄၀	ဇာတ်လမ်းတို
၉း၄၅	ဗီစီဒီကျော်ကြားတေး
၉း၅၀	မွေးမြူသုတ
၅း၀၀	မြန်မာသံစဉ်ချိန်းဝင်
၅း၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၈)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၅	ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅	ကိုယ်ပျောက်လူသား
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၂)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
	ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
	ယနေ့ညအတွက်မြဝတီ၏
	တေးလက်ဆောင်
	(၇၁)နှစ်မြောက်တပ်မတော်နေ့
	ဂုဏ်ပြုအစီအစဉ်
	ငါတို့သည်(၃တိယပိုင်း)
	ထွန်းထွန်းဝင်း၊ လွင်ဖုန်းအောင်၊ ပေါ်လေး၊ ဇော်ဝင်းမောင်၊ ငွေမိုး၊ သူရဇီဝီထွန်းနှင့်
	သရုပ်ဆောင်များ
	ဒါရိုက်တာ မိုးဇော်ကို

ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်တဲ့ အသင်းရှစ်သင်းလုံး စုံစုံညီညီပေါ်ထွက်လာပြီဖြစ်တဲ့ ချန်ပီယံလီဂ်ပွဲစဉ်များ

မတ် ၁၃ ရက်မနက်စောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလီဂ် ၁၆ သင်းအဆင့်ရှိးထွက်ပွဲစဉ်တွေမှာ ပရီသတ်အများစု ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့သာ ပြိုင်ဘက်တွေကို အနိုင်ကစားပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်နဲ့ ဂျူဗင်တပ်တို့ရဲ့ပွဲကတော့ ပရီသတ်တွေအတွက် နောက်ဆုံးမိနစ်အထိ စိတ်လှုပ်ရှားမှုအပြည့်ပေးစွမ်းနိုင်ခဲ့ပါတယ်။

ဘာစီလိုနာ ၃-၁ အာဆင်နယ်

နှစ်ကျော့ပေါင်း၅-၁ဖြင့် ဘာစီလိုနာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်

